မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇွန် ၁၀ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၆)၊ အမှတ် (၂၄၈)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပေါ်တူဂီနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၀

၂၀၀၇ ခုနှစ် ဇွန် ၁၀ ရက်တွင်ကျရောက်သည့် ပေါ်တူဂီသမ္မတနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ်ပြုလုပ်သည် ... ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေါ်တူဂီသမ္မတနိုင်ငံ သမ္မတ အာနီဗယ်၊ ကာဗာကို ဆေးလ်ဗာ ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်းက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် နိုင်ငံ့စီးပွားကို အထောက်အကူပြု တိုင်းအတွင်းရှိမြို့နယ်များ စီမံကိန်းလျာထားချက်ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက် ဧရာဝတီ ... ငရုတ်ကောင်းနှင့် ခြံစည်းရိုးကြက်ဆူပင် သတ်မှတ်ချက်အောင်မြင်အောင်စိုက်ပျိုး

နေပြည်တော် ဇွန် ၉

ဧရာဝတီတိုင်း ဟင်္သာတခရိုင် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ခဲ့သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇွန် ၇ ရက် မွန်းလွဲပိုင်းတွင် မြန်အောင်မြို့နယ်မှ ပန်းတနော်မြို့နယ်သို့ ပုသိမ် မုံရွာမော်တော်ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာကြပြီး လမ်းတစ်လျှောက် လမ်းပိုင်းအခြေအနေများ၊ လမ်းဘေးဝဲယာရှိ မိုးစပါးစိုက်ခင်းများ ရှင်သန်အောင်မြင်နေမှုအခြေအနေများနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၄ ✡

မြန်မာ့အလင်း ဆောင်းပါးအညွှန်း

မဝေးလှသောအတိတ်ကိုပြန်ကြည့်လျှင် တိုင်းပြည်ပြိုကွဲပျက်စီးမည့် အခြေအနေကြောင့် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် တပ်မတော်က နိုင်ငံတော်အာဏာအရပ်ရပ်ကို တာဝန်ယူခဲ့ရပါသည်။ ထိုအချိန်မှစပြီး တိုင်းပြည်၏ ယိုယွင်းပျက်စီးမှုများကို ထိန်းသိမ်းတည့်မတ်နိုင်ရန်အတွက် တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ ထို့နောက် နိုင်ငံရေးဦးတည်ချက် (၄) ရပ်ချမှတ်ပြီး နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို အဓိကအလေးပေး ဖော်ဆောင်လျက် ရှိသည်မှာ ကျွန်တော်တို့အားလုံး ကိုယ်တွေ့မျက်မြင်ပင် ဖြစ်ပါသည်။

ကိုကဲ၏ ဆောင်းပါး (စာ ၈-၉)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပန်းတနော်မြို့နယ်၏ ၂၀၀၇–၂၀၀၈ ခုနှစ် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲနှင့် မိုးစပါးစုပေါင်းထွန်ယက်ပွဲတွင် ပန်းတနော်မြို့နယ်မှ လူမှုရေးအသင်းအဖွဲ့ဝင်ကိုယ်စားလှယ်များအား ခြံစည်းရိုးကြက်ဆူပျိုးပင်များကို ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ ဇွန်လ ၁၀ ရက်)

ဆည်တာမံရေများကို အကျိုးရှိစွာအသုံးပြု စိုက်ပျိုးထုတ်လုပ်မှု မြင့်မားရေး အားသွန်ခွန်စိုက်ကြိုးပမ်း

ဧရာဝတီတိုင်း၏ စိုက်ပျိုးရေးစွမ်းအားကို မြှင့်တင်ပေးမည့် မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံကို ဇွန်လ ၇ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။

မမြရေလှောင်တမံ ဖွင့်လှစ်နိုင်သဖြင့် မြန်အောင်မြို့နယ်ရှိ လယ်မြေဧက ၁၀၀၀၀ကို ရေသွင်း စိုက်ပျိုးနိုင်မည့်အပြင် မမြချောင်းဘေးရှိ လယ်ယာမြေများ ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်ပေးနိုင်မည် ဖြစ်သည်။

ရေလှောင်တမံပတ်ဝန်းကျင်ရှိ ကျေးရွာအုပ်စုရှစ်ခုမှ တောင်သူလယ်သမားများသည် ယခင်က မိုးစပါး၊ နွေစပါးနှင့် ဆောင်းသီးနှံ ဧကနှစ်သောင်းကျော် စိုက်ပျိုးခဲ့ကြသည်။ ယခုအခါ ဆည်တာမံရေဖြင့် ဧကသုံးသောင်းကျော်ကို စိုက်ပျိုးနိုင်တော့မည် ဖြစ်သည်။

ထို့ပြင် အသေးစား ရေအားလျှပ်စစ်စီမံကိန်းကို ထည့်သွင်းဆောင်ရွက်လျက်ရှိရာ ပတ်ဝန်းကျင် ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားပေးဝေနိုင်မည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်းပါ မြင့်မားလာမည် ဖြစ်သည်။

နိုင်ငံတော်က စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် ဆည်တာမံစီမံကိန်းလုပ်ငန်းများကို နိုင်ငံတစ်ဝန်း၌ တည်ဆောက်ပေးလျက်ရှိရာ မမြရေလှောင်တမံကို ၂၀၀ ပြည့်မြောက်အဖြစ် ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်သည်။ ယင်းဆည်တာမံများမှ လယ်မြေဧက နှစ်သန်းကျော်ကို စိုက်ပျိုးရေပေးဝေ၍ မိုးစပါး၊ နွေစပါးသာမက သီးထပ်သီးညှပ်သီးနှံများ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် အကျိုးပြုနေပြီဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများအနေဖြင့် နိုင်ငံတစ်ဝန်း တည်ဆောက်ဖွင့်လှစ်ခဲ့သော ဆည်တာမံများမှ ရေကို အကျိုးရှိစွာအသုံးပြုကြပြီး လူမှုစီးပွားဘဝ မြင့်မားရေးနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုများ ပိုမိုတိုးတက်အောင် အားသွန်ခွန်စိုက် ကြိုးပမ်းစိုက်ပျိုးသွားကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ထီး တန်း အိမ်ရာတိုက်၁၂၅/ ၁၃၅အခန်း(၂၀၁) နေ ဦးဝင်းတင်-ဒေါ်ရွှေနီတို့က ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော် ကြီး ၏ တိပိဋက တိုးချဲ့ ခြောက် ထပ် ကျောင်းတော်ကြီး

အတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ)ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အာဆီယံရေဒီယို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၉

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မြန်မာ့အသံ ရေဒီယို အစီအစဉ်က ASEAN in Action စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အရှေ့တောင်အာရှ နိုင်ငံများအသင်း အာဆီယံအကြောင်း သိကောင်းစရာများအတွက် အပတ်စဉ် စနေနေ့ နံနက် ၉ နာရီ ၄၅မိနစ်တွင် ထုတ်လွှင့်လျက်ရှိသည်။

ဝါသနာရှင်များဝင်ရောက်ဖြေဆို

၂၀၀၇ ခုနှစ် မေလ မြန်မာ့အသံ ရေဒီယိုအစီအစဉ်က ထုတ်လွှင့်ခဲ့သော အာဆီယံအကြောင်း သိကောင်းစရာများအတွက် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ဇွန်၆ ရက်က မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို(စီ)၌ ကျင်းပရာ ဝါသနာရှင်များ ဝင်ရောက်ဖြေဆိုကြပြီး ပထမဆုကို မောင်ဇေယံ အလုံမြို့နယ် ရန်ကုန်တိုင်း၊ ဒုတိယဆုကိုမောင်အောင်ပိုင်ဦး စမ်းချောင်းမြို့နယ် ရန်ကုန်တိုင်း၊ တတိယဆုကို မောင်ချစ်ဖြိုးဝေ ဖျာပုံမြို့နယ် ဧရာဝတီတိုင်း၊ နှစ်သိမ့်ဆုကို မောင်ဝေဖြိုးအောင် မော်လမြိုင်မြို့နယ် မွန်ပြည်နယ်တို့က အသီးသီးရရှိကြ၍ **(အပေါ်ယာပုံ)**ဆုများကို တာဝန်ရှိသူများက ပေးအပ်သည်။

လစဉ်ပထမပတ်တိုင်းတွင် ကျင်းပသော အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ဝင်ရောက်ဖြေဆိုလိုကြသူ ပြည်နယ်နှင့်တိုင်း အသီးသီးတို့မှ ဝါသနာရှင်များသည် အသက်၊ ပညာအရည်အချင်း ကန့်သတ်ချက်မရှိဘဲ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်း ဖြေဆိုနိုင်ကြသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၆-၂၀၀၇
(တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	သာသနာနှင့်ကြုံခိုက်တရားတော် (ဓမ္မဒူတ အရှင်ကောသလ္လ ဆရာတော်)
၇း၄၀	Suday Talk [မျိုးမြတ်သူ၊ ဒေါက်တာ ဇော်သန်း၊ ကိုကို (စက်မှုတက္ကသိုလ်)]
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	စဥ့်စမ်းသပ်စခန်းနှင့် မိတ်ဖွဲ့ရင်းမြေကို အသက်သွင်းခြင်း
၉း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅	နိုင်ငံတကာအနုပညာရေးရာ
၉း၄၀	တေးဂီတအစီအစဉ်
၉း၄၅	Activities In The City
၁၀း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၀	EURO GOALS
၁၀း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅	ပွင့်သောပန်းတိုင်း မွှေးစေချင်
၁၁း၀၅	မိုးလေဝသခန့်မှန်းချက်
၁၁း၁၀	ဖွံ့ဖြိုးတိုးတက်လာသော ငွေဆောင်ဟိုတယ်လုပ်ငန်း (Silver View Hotel)
၁၁း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀	လေ့လာမှတ်သားစေရန် ဘောလုံးအားကစားအခြေခံ
၁၁း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၂း၀၅	ရှေးမှုမပျက် ထိန်းသိမ်းဖို့ရာ မြန်မာ့ရွှေချည်ထိုးပညာ
၁၂း၁၅	တေးဂီတအစီအစဉ်
၁၂း၂၀	**အေးမြသော လေညင်းလေးများ မေတ္တာ၊ စိုးမိုးကြည်၊ ဇေယျာ၊ ရှူးရှူးမောင် [ဒါရိုက်တာ-အောင်မိုး (Paris)]**
၁၂း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၄၀	ကျော်ကြားထုတ်ကုန်စက်မှုဇုန်
၁၂း၅၅	တေးဂီတအစီအစဉ်
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိတစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇ နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့်ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၁၀-၆-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၀	၄။	သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **မွန်မြတ်သောမေတ္တာ**
၁၃း၅၀	၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၂၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၃၀	၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၅	၅။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၄၅	၆။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၀၀	၇။	သံစဉ်များနှင့်ကမ္ဘာ
၆း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၉။	နိုင်ငံတကာသတင်း
၆း၁၅	၁၀။	မိုးလေဝသသတင်း
၆း၂၀	၁၁။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၂။	လျှပ်တစ်ပြက်
၆း၄၅	၁၃။	အုံ့ဩဖွယ်ရာဆပ်ကပ်ပညာ
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မေတ္တာစမ်းရေ (အပိုင်း-၂၅)ဇာတ်သိမ်းပိုင်း**
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	ပဟေဠိနန်းတော်
	၁၈။	ကျန်းမာသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးနဂါးသိုင်းရှစ်ကွက် (အပိုင်း-၃၅)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ရန်ကုန်တိုင်း သုံးခွ မြို့နယ် ရဲနွဲ့ ကျေးရွာနေ ဦးအောင်မြိုင် - ဒေါ်သန်းရီ မိသားစုတို့က ဆွမ်းပဒေသာပင်နှင့် ဆေးပဒေသာပင် ငွေကျပ် နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အ မှု ဆောင် အ ဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီး ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မန်းရွှေစက်တော်ဘုရားကြီး လျှပ်စစ်မီးရရှိရေးအတွက် သဒ္ဓါတရားနည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းနိုင်

ရန်ကုန် ဇွန် ၉

မကွေးတိုင်း မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်ရှိ သမိုင်းဝင်မန်းရွှေစက်တော်ဘုရားကြီးတွင် အချိန်ပြည့် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် လျှပ်စစ်မီးသွယ်တန်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ငွေကျပ် ၁၂၁၇သိန်းကျော် ကုန်ကျမည်ဖြစ်သည်။

စေတနာရှင်များအနေဖြင့် ၁၁ကေဗွီလိုင်း တစ်ခန်းလျှင် ငွေကျပ် ၃၉၀၀၀၀၊ ၄၀၀ဗို့လိုင်း တစ်ခန်းလျှင် ငွေကျပ် ၇၉၀၀၀၀၊ ၁၀မီတာကွန်ကရစ်တိုင်တစ်လုံးလျှင် ငွေကျပ် ၉၀၀၀၀၊ ၁၁ကေဗွီ (D/S) တစ်စုံလျှင်ငွေကျပ် ငါးသိန်း၊ ၁၁ကေဗွီလိုင်း (Pim)ကြွေသီးတစ်လုံးလျှင် ငွေကျပ် ၄၀၀၀၊ ၁၁ကေ ဗွီလိုင်း (Disc)ကြွေသီးတစ်လုံးလျှင် ငွေကျပ် ၁၅၀၀၀၊ ၄၀၀ဗို့လိုင်းကြွေသီး ၁၀လုံးလျှင် ငွေကျပ် ၁၀၀၀၀၊ ၁၁ကေဗွီလိုင်းကြိုးပေ ၁၀၀လျှင် ငွေကျပ် ၃၈၀၀၀၊ ၄၀၀ဗို့လိုင်းကြိုး ပေ ၁၀၀လျှင်ငွေကျပ် တစ်သိန်းနှင့် ၁၁ကေဗွီလိုင်း သံလက်တန်းတစ်ချောင်းလျှင် ငွေကျပ် ၇၀၀၀၀ နှုန်းတို့ဖြင့် သဒ္ဓါတရားနည်းများမဆို ပါဝင်လှူဒါန်းလိုသူများသည် ဦးမြင့်သိန်း ဖုန်း- ၀၆၃-၂၄၀၄၀၊ ဦးသောင်းတင် ဖုန်း-၀၆၃-၂၃၆၂၀၊ ဦးမြင့်သူရ ဖုန်း-၀၆၅-၂၁၁၈၀နှင့် ဦးအောင်သန်းဦး ဖုန်း-၀၆၃-၂၃၀၁၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကင်းပြည်သာယာ(ကျိုက္ကဆံ စူပါဝမ်း တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်း အတွက် ဦးဝင်းမြင့်-ဒေါ်တင်တင်ကြည် (ထင်ရှားအထည်ဆိုင် မင်္ဂလာဈေး)သားသမီးမြေးတစ်စုက လစဉ် စုဆောင်း အလှူငွေကျပ် ၇၀၀၀၀၀ လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော်က ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်စဉ်။
(၁၁၅)

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး အမှတ်(၃)ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ)ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၉

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ဇွန် ၈ရက်တွင် မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်း အမှတ်(၃) ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ)သို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ စက်ရုံမှူးနှင့် တာဝန်ရှိသူများက စက်ရုံ ပြင်ဆင်လည်ပတ်နေမှုနှင့် ကုန်ထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက ကုန်ထုတ်လုပ်မှု လျာထားချက်များ ပြည့်မီရေးသည် အဓိကရည်မှန်းချက်ပန်းတိုင်ဖြစ်ပြီး အဆိုပါရည်မှန်းချက်ပြည့်မီရေးအတွက် ဝန်ကြီး ဌာနက ပံ့ပိုးရန်ရှိသည်များကို အချိန်မီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စက်ရုံရှိ ဝန်ထမ်းအားလုံးကလည်း မိမိတို့ကျရာတာဝန်ကို ကျေပွန်စွာကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်းဖြင့်မှာကြားကာ စက်ရုံအတွင်း လိုက်လံကြည့်ရှု စစ်ဆေးသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ဇီးကုန်းမြို့နယ် ဝက်စာပိုးကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆို ပြုလွှာပေးအပ်ပွဲနှင့် စာအုပ်လှူဒါန်းပွဲတွင် အမှာစကားပြောကြားစဉ်။
(စွမ်းအင်)

ယင်းနောက် ဒုတိယဝန်ကြီးသည် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး စိန်မြင့်နှင့်အတူ ပြည်မြို့တီတွတ်စံပြ ကျေးရွာအနီး စွမ်းအင်ဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများက စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စိုက်ပျိုး

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်တို့သည် ပြည်မြို့နယ် ထမ္ဗကောက်ကျေးရွာအုပ်စုရှိ ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့် ဒုတိယဥက္ကဋ္ဌတို့သည် ပြည်မြို့နယ် မှတ်ရှည်ကျေးရွာအုပ်စုရှိ ဓမ္မောဒယ ဘုန်းတော်ကြီးကျောင်းတွင် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူးကျင်းပသောဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကိုးကျောင်းတို့သို့ စာရေးကိရိယာများလှူဒါန်းပွဲသို့ တက်ရောက်၍ ကျောင်းသား ကျောင်းသူ ၁၈၂၅ဦးတို့အတွက် ဗလာစာအုပ်နှင့် ခဲတံများကို လှူဒါန်းကြသည်။

ဆွေးနွေးမှာကြား

ယင်းနောက်ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့်ဒုတိယဥက္ကဋ္ဌတို့သည် ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်၍ တိုင်းခရိုင်နှင့်မြို့နယ် အသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံကြပြီး အသင်းဆိုင်ရာကိစ္စများကို ဆွေးနွေးမှာကြားကြသည်။

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့် ဒုတိယဥက္ကဋ္ဌတို့သည် ယနေ့ နံနက်ပိုင်းတွင်သာယာဝတီခရိုင် ဇီးကုန်းမြို့နယ် ဝက်စာပိုးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲနှင့် ကျောင်းသုံး ဗလာစာအုပ်များ လှူဒါန်းပွဲသို့ တက်ရောက်ကြပြီး အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ကျေးရွာစည်းရုံးရေးမှူးများက အသင်းဝင်အဆိုပြုလွှာ၇၅၀ ကိုပေးအပ်ကြရာဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးက လက်ခံသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဇီးကုန်းမြို့နယ် အသင်း အတွင်းရေးမှူးက ဗလာစာအုပ်များကိုပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့်ဒုတိယဥက္ကဋ္ဌတို့သည် မင်းလှမြို့နယ် စိန်ကန့်လန့်ကျေးရွာရှိ ရတနာပုံ ဘုန်းတော်ကြီးကျောင်း၌ သာယာဝတီခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ စာရေးကိရိယာများ လှူဒါန်းပွဲသို့ တက်ရောက်ကာ သာယာဝတီ ခရိုင်အတွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ရှစ်ကျောင်းတို့မှ ကျောင်းသား ကျောင်းသူ ၁၀၈၅ ဦးတို့အတွက် ဗလာစာအုပ်နှင့် ခဲတံများကို လှူဒါန်းကြသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီးနှင့်ဒုတိယဥက္ကဋ္ဌတို့သည်သာယာဝတီခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ သွားရောက်၍ တိုင်း၊ ခရိုင်နှင့် မြို့နယ် အသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များအား တွေ့ဆုံကြပြီး အသင်းဆိုင်ရာကိစ္စများကို ဆွေးနွေးမှာကြားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✡ **ရှေ့ဖုံးမှ**

တက်ရောက်အားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပုသိမ်-ရန်ကုန် ကားလမ်းပေါ်ရှိ ပန်းတနော်မြို့နယ် တလိုင်းစုကျေးရွာ၌ကျင်းပသော ပန်းတနော်မြို့နယ်၏ ၂၀၀၇-၂၀၀၈ ခုနှစ် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲနှင့် မိုးစပါးစုပေါင်းထွန်ယက်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

ရှေးဦးစွာ ပန်းတနော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဦးက ပန်းတနော်မြို့နယ် အနေဖြင့် ၂၀၀၇ ခုနှစ်တွင် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရန် လျာထားဧက စိုက်ပျိုးပြီးစီးမှု အခြေအနေ၊ လျာထားဧက ပြည့်မီအောင် ဆက်လက်စိုက်ပျိုးသွားမည့် အစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။

ပျိုးပင်များပေးအပ်

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးခြင်းကို အမျိုးသားရေးတာဝန် အဖြစ်ခံယူပြီးမြို့နယ်အလိုက် သတ်မှတ်ပေးထားသော စိုက်ဧက အပြည့်အဝ စိုက်ပျိုးသွားကြရေး မှာကြားကာ ပန်းတနော်မြို့နယ်မှ လူမှုရေးအသင်းအဖွဲ့ဝင် ကိုယ် စားလှယ်များအား ခြံစည်းရိုးကြက်ဆူပျိုးပင်များကို ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များအား ခြံစည်းရိုးကြက်ဆူပျိုးပင်များကို ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူးတို့သည် သတ်မှတ်နေရာအသီးသီး၌ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး စိုက်ပျိုးပွဲ၌ ပါဝင်စိုက်ပျိုးကြသော လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများအားရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကာ အနီးရှိ မိုးစပါးစိုက်ခင်း၌ မိုးစပါး စုပေါင်းထွန်ယက်နေမှု အခြေအနေတို့ကို ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြပြီး ပန်းတနော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပန်းတနော်နှင့် ဓနုဖြူမြို့နယ်တို့မှ ဌာနဆိုင်ရာများအား တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ယင်းတွေ့ဆုံပွဲတွင် ပန်းတနော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဦးက ဒေသဆိုင်ရာ အချက်အလက်များ၊ မိုးစပါး၊ နွေစပါး၊ ခြံစည်းရိုးကြက်ဆူ၊ အဓိကသီးနှံ၁၀မျိုးစိုက်ပျိုးနိုင်မှုနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကားပြောကြားရာ၌ ဧရာဝတီတိုင်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် နိုင်ငံတော်၏ စီးပွားရေးကို အဓိက အထောက်အကူပြုနေသည့် တိုင်းတစ်တိုင်းဖြစ်ရာ တိုင်းအတွင်းရှိ မြို့နယ်များက စီမံကိန်းလျာထားချက်များပြည့်မီအောင် ဆောင်ရွက်မှသာ တိုင်း၏စီးပွားရေး၊ နိုင်ငံတော်၏စီးပွားရေး တိုးတက်နိုင်မည်ဖြစ်ကြောင်း၊ အထူးသဖြင့် အဓိကသီးနှံ ၁၀မျိုး၊ အမယ်သစ်သီးနှံ ငရုတ်ကောင်း၊ အထူးသီးနှံ ခြံစည်းရိုးကြက်ဆူပင်တို့ကို သတ်မှတ်ချက်နှင့်အညီ အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတို့ဝန်ကြီးဌာနအလိုက် ပင်မလုပ်ငန်းတာဝန်အပြင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတာဝန်များကိုပါ အလေးအနက်ထားကြိုးပမ်းဆောင်ရွက်ရန် လိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ငါးရပ်တွင် တက်တက်ကြွကြွပါဝင်ပြီး စေတနာရှိရှိ ဝိုင်းဝန်းပူးပေါင်းပြီး တက်ညီလက်ညီ ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအားရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ ပုသိမ်-ရန်ကုန်ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာကြသည်။ **(သတင်းစဉ်)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း ပေါ်တူဂီနိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၀

၂၀၀၇ခုနှစ် ဇွန်၁၀ရက်တွင်ကျရောက်သည့် ပေါ်တူဂီသမ္မတနိုင်ငံ၏ အမျိုးသားနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ပေါ်တူဂီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ပါမောက္ခ ဒေါက်တာ ဒီယိုဂိုဖရီးတက်ဒိုအေမာရယ်(လ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မီးသတ်ယာဉ်များ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းသည် ဇွန် ၈ရက်က ဂျပန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးလှမြင့်၏အစီအစဉ်ဖြင့် ရန်ကုန်ဆိပ်ကမ်းသို့ ဒုတိယအသုတ် ရောက်ရှိလာသော ဂျပန်နိုင်ငံ Rotary Club က လှူဒါန်းသည့် မီးသတ်ယာဉ်လေးစီး၏ အခြေအနေကို တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)** လှူဒါန်းသော မီးသတ်ယာဉ်မှာ ၁၆စီးဖြစ်ပြီး မေ ၃ ရက်တွင် ပထမအသုတ်အဖြစ် မီးသတ်ယာဉ်ခြောက်စီး ရောက်ရှိလာခဲ့ပြီး ကျန်မီးသတ်ယာဉ်ခြောက်စီးသည်လည်း မကြာမီ ရန်ကုန်ဆိပ်ကမ်းသို့ တတိယအသုတ် ရောက်ရှိလာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✱ ကျောဖုံးမှ

သထုံမြို့နယ်တွင် ၂၀၀၇-၂၀၀၈ ခုနှစ် ခြစ်စည်းရိုးကြက်ဆူပင် စိုက်ပျိုးရန် လျာထားချက်ဧက ၂၀၀၀၀ ဖြစ်ပြီး စိုက်ပျိုးဧက ၁၀၀၀၀ကျော်ဖြစ်၍ ဧက ၉၀၀၀ကျော် စိုက်ပျိုးရန် ကျန်ရှိနေကြောင်းနှင့် ယခုစိုက်ပျိုးမှုငါးဧက ဖြစ်သည်။

တက်ရောက်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များသည် ဘီးလင်းမြို့နယ် ဒေါက်ရပ်ကျေးရွာသို့ ရောက်ရှိကြပြီး ဒေါက်ရပ် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ တိုက်နယ်ဆေးရုံ၌ ကျင်းပသော ငှက်ဖျားရောဂါ ကင်းဝေးရေး ဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ယင်းနောက် ငှက်ဖျားရောဂါ ကင်းဝေးရေး ဆေးစိမ်ခြင်ထောင်များ အခမဲ့ ဖြန့်ဝေပေးအပ်ပွဲ အခမ်းအနားကို တိုက်နယ်ဆေးရုံခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အမှာစကားပြော ကြားရာတွင် ယခုအခါတွင် နိုင်ငံတော်အစိုးရသည် တိုင်းရင်းသား ပြည်သူများ၏ ပညာရည်မြင့်မားရေး၊ ကျန်းမာကြံ့ခိုင်သန်စွမ်းရေးတို့ကို ဦးစားပေးလုပ်ငန်းတစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဝေးလံခေါင်ဖျားနယ်စပ်ဒေသများ အပါအဝင် တစ်နိုင်ငံလုံးတွင် ကျန်းမာရေးဆိုင်ရာ အခြေခံ အဆောက်အအုံများ၊ လိုအပ်ချက်များကို တည်ဆောက်ဖြည့်ဆည်းပေးရင်း ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို တိုးမြှင့်ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ပိုမိုစနစ်ကျအောင်ဆောင်ရွက်နိုင်ရေးအတွက် ဦးဆောင်လမ်းညွှန်မှု ပြုနိုင်အောင် အမျိုးသား ကျန်းမာရေးကော်မတီကို ဖွဲ့စည်းပေးထားကြောင်း၊ အမျိုးသား ကျန်းမာရေးကော်မတီသည် နိုင်ငံတော်၏ ဦးတည်ချက်များအနက် လူမှုရေး ဦးတည်ချက်(၄)ရပ်တွင် ပါဝင်သည့် "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး"ဆိုသော ရည်မှန်းချက်အောင်မြင်ရေးအတွက် ကျန်းမာရေးလုပ်ငန်းများကို အမျိုးသားကျန်းမာရေး မူဝါဒနှင့်အညီ အမျိုးသားကျန်းမာရေး စီမံကိန်းရေးဆွဲ ကာ ပိုမိုပီပြင်စွာ အကောက်အထည်ဖော်နိုင်ရန် ဦးဆောင်လမ်းညွှန်မှု ပေးလျက်ရှိကြောင်း။

အမျိုးသား ကျန်းမာရေးစီမံကိန်းမှာ နိုင်ငံတော်၏ လူမှုရေးဦးတည်ချက် တစ်ခုဖြစ်သော တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသော ဦးတည်ချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်ရေး အထောက်အကူပြုစေရန်၊ အမျိုးသား ကျန်မာရေးမူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ပြောင်းလဲနေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစနစ်နှင့် လိုက်လျောညီထွေ ရှိမည့် ကျန်းမာရေးစနစ် ဖြစ်ပေါ်ရေးကို ဦးတည်ဆောင်ရွက်နိုင်စေရန် မြန်မာနိုင်ငံ၏ လူဦးရေအများစု နေထိုင်ရာ ကျေးလက်ဒေသ၏ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအားပေးဆောင်ရွက်ရန်ဆိုသည့် ရည်မှန်းချက်များကို ထားရှိပြီး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူလူထု၏ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်ရေး၊ ကျန်းမာရေးအဆင့်အတန်း မြှင့်တင်ရေး၊ ရောဂါကုသရေး၊ ကျန်းမာမှု ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း။

ပေါ်ပေါက်လျက်ရှိ

လျင်မြန်စွာ အရှိန်အဟုန်နှင့် ပြောင်းလဲနေသည့် ကမ္ဘာကြီးတွင် လူမှုစီးပွားရေး၊ ပတ်ဝန်းကျင်၊ နည်းပညာ၊ လူဦးရေ၊ ရောဂါဖြစ်ပွားမှု၊ ရောဂါနှင့် ဆက်စပ်နေသည့် အချင်းအရာများ အားလုံး၏ ပြောင်းလဲမှုဖြစ်စဉ်များသည် (၂၁)ရာစု ကျန်းမာရေးဆိုင်ရာ စိန်ခေါ်မှုများအနေဖြင့် ပေါ်ပေါက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံ၏ အဓိကကျန်းမာရေး ပြဿနာများအနက် ငှက်ဖျားရောဂါသည် ထိပ်ဆုံးက ပါဝင်လျက်ရှိကြောင်း၊ ငှက်ဖျားရောဂါသည် ကျန်းမာရေး ပြဿနာဖြစ်သည်သာမက လူမှုစီးပွားရေးပြဿနာ တစ်ရပ်လည်းဖြစ်ကြောင်း၊ ငှက်ဖျားရောဂါသည် စီးပွားရေးချို့တဲ့သူကို ပိုပြီးချို့တဲ့စေကြောင်း၊ ကမ္ဘာပေါ်တွင် တစ်နှစ်လျှင် ငှက်ဖျား ဖြစ်ပွားသူ သန်း၃၀၀မှသန်း ၅၀၀အထိရှိပြီး ငှက်ဖျားကြောင့် သေဆုံးသူမှာ တစ်သန်းမှ နှစ်သန်းခန့်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် ငှက်ဖျားဖြစ်ပွားမှု တစ်နှစ်လျှင် ပျမ်းမျှခုနစ်သိန်းခန့်ရှိပြီး သေဆုံးမှုမှာ တစ်နှစ်ပျမ်းမျှ ၂၇၀၀ခန့် ရှိကြောင်း၊ တစ်နည်းအားဖြင့် တစ်ရက်တွင် ငှက်ဖျားရောဂါဖြစ်ပွားသူ ၁၉၀၀ ခန့်ရှိနေပြီး ငှက်ဖျားကြောင့် သေဆုံးသူ ငါးဦးခန့် ရှိနေကြောင်း။

ရည်မှန်းဆောင်ရွက်

ဖြစ်ပွားသေဆုံးသူ အများစုသည် စီးပွားလုပ်ငန်းလုပ်ကိုင်နိုင်သည့် အသက်အရွယ်များဖြစ်ကြောင်း၊ ငှက်ဖျားရောဂါသည် ငှက်ဖျားဖြစ်ပွားသူနှင့် မိသားစုသာမက နိုင်ငံတော်အတွက်ပါ စီးပွားရေးဖွံ့ဖြိုးမှုကို ထိခိုက်စေကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ငှက်ဖျားရောဂါပြဿနာ အတိမ်အနက်ကို သိရှိပြီး ပြဿနာကို လျှော့ချနိုင်ရန်အတွက် ငှက်ဖျားရောဂါ ဖြစ်ပွားသေဆုံးမှုကို ၂၀၀၀ ပြည့်နှစ်ကို အခြေခံပြီး ၂၀၁၀ ပြည့်နှစ်တွင် ထက်ဝက်လျှော့ချရန် ရည်မှန်းဆောင်ရွက်လျက် ရှိကြောင်း။

မွန်ပြည်နယ်၏ ဒေသအများအပြားသည် ပင်ကိုအားဖြင့် ငှက်ဖျားရောဂါ ကူးစက်မှုရှိပြီး ငှက်ဖျားရောဂါသည် ပြည်နယ်၏ ဖြစ်ပွားမှုနှင့် သေဆုံးမှု အများဆုံးရောဂါတစ်ခုဖြစ်ကြောင်း၊ မွန်ပြည်နယ်လူဦးရေ၏ ၉၀ ရာခိုင်နှုန်းခန့်သည် ငှက်ဖျားရောဂါ ကူးစက်မှုရှိသော ဒေသများတွင် နေထိုင်လျက် ရှိကြောင်း၊ မွန်ပြည်နယ်တွင် နှစ်စဉ် ဆေးရုံ၊ ဆေးပေးခန်းများသို့ ငှက်ဖျားရောဂါဖြင့် လာရောက်ပြသသူ လွန်ခဲ့သော ငါးနှစ်ခန့်အတွင်း တစ်နှစ်ပျမ်းမျှ ငှက်ဖျားပြင်ပလူနာ ၂၂၂၉၇၊ အတွင်းလူနာ ၄၂၁၇နှင့် သေဆုံး ၁၂၃ ရှိကြောင်း။

ငှက်ဖျားရောဂါ ကာကွယ်ရေး လုပ်ငန်းများအနေဖြင့် ကျန်းမာရေး အသိပညာပေးခြင်း၊ ငှက်ဖျားရောဂါ ကာကွယ်ရေး ဆေးစိမ်ခြင်ထောင် ဖြန့်ဝေခြင်းနှင့် အသုံးပြုခြင်ထောင် ဆေးစိမ်ခြင်း၊ ဆေးရုံ ဆေးခန်းများသို့ လာရောက် ပြသသောလူနာများနှင့် ကွင်းဆင်းစဉ် တွေ့ရှိသော လူနာများကို စောစီးစွာ ရောဂါရှာဖွေ ဖော်ထုတ်ပြီး ထိရောက်သော ကုသမှုပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း။

ကာကွယ်မှုပေးနိုင်

၂၀၀၅ခုနှစ် မွန်ပြည်အတွင်း ဆေးစိမ်ခြင်ထောင် ၁၅၀၈၀ ဖြန့်ဝေခြင်းလုပ်ငန်းကို ငှက်ဖျားရောဂါအဖြစ်များသော မြို့နယ်များဖြစ်သည့် ရေး၊ သံဖြူဇရပ်နှင့် ကျိုက်ထိုမြို့နယ်များတွင် ကျေးရွာ ၉၅ရွာ၌ ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၀၆ ခုနှစ်အတွင်း အသုံးပြုခြင်ထောင် ဆေးစိမ်ခြင်းလုပ်ငန်းကို ကျိုက်ထို၊ သံဖြူဇရပ်နှင့် ရေးမြို့နယ်တို့ရှိ ကျေးရွာ ၁၀၁ရွာတွင် အသုံးပြုခြင်ထောင် ၂၅၉၉၁ကို ဆေးစိမ်ခြင်းဖြင့် ကာကွယ်မှုပေးနိုင်ခဲ့ကြောင်း။

ဘီးလင်းမြို့နယ်သည်တောတောင်ထူထပ်ပြီး မွန်ပြည်နယ်တွင် ငှက်ဖျားရောဂါ ဖြစ်ပွားမှုများသည့် မြို့နယ်တစ်မြို့နယ်ဖြစ်ကြောင်း၊ ယခုဆေးစိမ်ခြင်ထောင် ၁၀၀၀၀ဖြန့်ဝေခြင်းလုပ်ငန်းကို ဘီးလင်းမြို့နယ်အတွင်းရှိ ငှက်ဖျားရောဂါဖြစ်ပွားမှုများပြားပြီး ခြင်ထောင်ပိုင်ဆိုင်မှုနည်းပါးသော၊ ဆက်သွယ်မှုခက်ခဲသော ရင်းအုံနဲ့ ဝင်းကကျေးရွာအုပ်စုအတွင်းက ကျေးရွာများတွင် ငှက်ဖျားရောဂါ ကာကွယ်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူလူထုအနေဖြင့် မိမိတို့ရရှိသည့် ခြင်ထောင်များကို အကျိုးရှိရှိ အသုံးပြုကြစေလိုကြောင်း။

ငှက်ဖျားရောဂါသည် လူတစ်ဦးမှ နောက်တစ်ဦးသို့ ခြင်ကိုက်ခြင်းကြောင့် ကူးစက်စေကြောင်း၊ ငှက်ဖျားရောဂါဖြစ်စေသောခြင်သည် ညအခါမှသာ ကိုက်လေ့ရှိကြောင်း၊ ဆေးစိမ်ခြင်ထောင်ကို အသုံးပြုခြင်းဖြင့် ခြင်ကိုက်ခြင်းကို ကာကွယ်ပေးပြီး ခြင်များကိုသေစေနိုင်ကြောင်း၊ ခြင်ထောင်အနီးသို့ ခြင်များ မလာနိုင်ခြင်းစသည့် အာနိသင်များ ရှိခြင်းကြောင့် ငှက်ဖျား ရောဂါကို ထိရောက်စွာ ကာကွယ်ပေးနိုင်ကြောင်း။

အမြဲသုံးစွဲသင့်

ဆေးစိမ်ခြင်ထောင်ကို လူတိုင်းသုံးစွဲသင့်ကြောင်း၊ အထူးသဖြင့်ကိုယ်ဝန်ဆောင်မိခင်နှင့် ငါးနှစ်အောက်ကလေးငယ်များ မဖြစ်မနေ အမြဲသုံးစွဲသင့်ကြောင်း၊ တောတောင်များသို့ လုပ်ငန်းသွားရောက် လုပ်ကိုင်သူများလည်း ဆေးစိမ်ခြင်ထောင်ယူသွားပြီး အမြဲသုံးစွဲသင့်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ နိုင်ငံတော်နှင့် ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ၏ ဦးဆောင်မှု၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေး ဦးစီးဌာနတို့၏ ကြိုးပမ်းအားထုတ်မှုကြောင့် ယခုကဲ့သို့ ဘီးလင်းမြို့နယ်အတွင်းရှိ အမှန်တကယ် လိုအပ်သော ပြည်သူလူထု၏ ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းကို ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသွားသည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစံရွှေဝင်းက ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေရခြင်းရည်ရွယ်ချက်၊ ငှက်ဖျားရောဂါဖြစ်ပွားပုံ၊ ငှက်ဖျားရောဂါ ကာကွယ်နည်းများ၊ ငှက်ဖျားကင်းဝေးရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစံရွှေဝင်းတို့က ဆေးစိမ်ခြင်ထောင်များကို ဘီးလင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ တာဝန်ရှိသူများနှင့် ပြည်သူများအား ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် တိုက်နယ်ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး လူနာများအား အားပေးစကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တာဝန်ရှိသူများနှင့်အတူ ကျိုက်ထိုမြို့မှ တစ်ဆင့် နေပြည်တော်သို့ညနေပိုင်းတွင်ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

သထုံအသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၉

သထုံအသင်း (၂၈)ကြိမ်မြောက် သိရီဝေလာပရိယတ္တိစာသင်တိုက်မှ သံဃာတော်များအား ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် နိုင်ငံတော်က ဆက်ကပ်သည့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သထုံမြို့မှ လယ်ဝန်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ သိရိန္ဒနှင့် ဓမ္မကထိက ဗဟုဇန ဟိတဓရ ဘွဲ့တံဆိပ်တော်ရ ရွှေပါရမီတောရကျောင်းဆရာတော် ဘဒ္ဒန္တ ဆန္ဒာဓိက တို့အား ဂုဏ်ပြုချီးကျူးပူဇော်ပွဲနှင့် အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင်များအားပူဇော်ကန်တော့ပွဲကို စမ်းချောင်းမြို့နယ်ရှိ ကိုးထပ်ကြီးဘုရား သန္တိသုခဓမ္မာရုံတွင် ဇွန်၁၇ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များသည် နီးစပ်ရာအမှုဆောင်များနှင့် ဥက္ကဋ္ဌ ဦးစောလွင် ဖုန်း-၅၁၀၃၄၀၊ ဦးခင်မောင်ပြုံး ဒုတိယဥက္ကဋ္ဌ ဖုန်း-၂၁၁၆၅၈ နှင့် အတွင်းရေးမှူး ဦးအောင်မြင့်လွင် ဖုန်း-၅၇၂၁၉၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အသင်းဝင်များ မပျက်မကွက် ကြွရောက်ကြည်ညိုကုသိုလ်ယူကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

မိဘမဲ့ကလေးငယ်များ ပရဟိတဂေဟာများသို့ အလှူငွေနှင့်ပစ္စည်းများလှူဒါန်း

ရန်ကုန် ဇွန် ၉

မိဘမဲ့ကလေးငယ်များနှင့် တိုင်းရင်းသားကလေးငယ်များ ပရဟိတဂေဟာရန်ပုံငွေအတွက် ရုပ်ရှင်၊ ဂီတ၊ မော်ဒယ်၊ အနုပညာရှင်များနှင့် ကဗျာဆရာများ ဖျော်ဖြေတင်ဆက်ခဲ့သည့် ကဗျာရွတ်ဆိုပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဆရာစံ လမ်းရှိ မစ္စတာဂစ်တာကဖေးတွင် ဇွန်၆ရက် မွန်းလွဲ၁နာရီက ကျင်းပခဲ့သည်။

အဆိုပါစေတနာရှင် ထည့်ဝင်လှူဒါန်းသော အလှူငွေများကို လှည်းကူးမြို့နယ် ဝိတိုရိယတိုင်းရင်းသားကလေးငယ်များ ပရဟိတဂေဟာသို့ ငွေကျပ်၁၅သိန်းနှင့်ပစ္စည်းများ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ အိတ်ချ်အိုင်ဗွီကူးစက်ခံ မိဘမဲ့ကလေးငယ်များ သုခရိပ်မြုံဂေဟာသို့ ငွေကျပ်၁၀သိန်းနှင့်ပစ္စည်းများ၊ ဗဟန်းမြို့နယ် တိုင်းရင်းသားလူမျိုးစုံ ပရဟိတဂေဟာသို့ ငွေကျပ် ၁၀သိန်း **(အပေါ်ပုံ)** စုစုပေါင်း ငွေကျပ် ၄၂သိန်းကျော် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၁၀-၆-၂၀၀၇ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။	အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၅။	ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၀၅	၆။	အဆိုပြိုင်ပွဲ
၈:၁၀	၇။	ယာကြီးရေထိန်းတမံ
၈:၂၀	၈။	အကပြိုင်ပွဲ
၈:၃၀	၉။	International News
၈:၄၅	၁၀။	Say it in English
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။	စစ်သည်တေး
၁၁:၁၀	၂။	တေးဂီတအစီအစဉ်
၁၁:၂၅	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀	၄။	Yan Can Cook
၁၁:၅၅	၅။	မြန်မာရုပ်ရှင် **သီတာရေကြည်** ညွန့်ဝင်း၊ ခင်သီတာထွန်း၊ မြင့်မြင့်ခင် (ဒါရိုက်တာ-အောင်မြင့်မြတ်)
၁၃:၅၀	၆။	ဥတုရာသီတောကိုမီ
၁၄:၀၀	၇။	တေးဂီတအစီအစဉ်
၁၄:၁၅	၈။	အတီးပြိုင်ပွဲ
၁၄:၃၀	၉။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (တောင်ထန်းထွက်ကုန် အမယ်စုံ ကျေးရွာအလှူး ဝင်ငွေထူး)
၁၄:၄၅	၁၀။	International News.

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(စိတ်ပညာအထူးပြု) [စိတ်ပညာ]
၁၇:၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၁၇:၃၀	၇။	ဆိုကြမယ် ပျော်ကြမယ်
၁၈:၀၀	၈။	ညနေခင်းသတင်း
၁၈:၃၀	၉။	မိုးလေဝသအခြေအနေ
၁၈:၃၅	၁၀။	သီရိဂေဟာ
၁၉:၀၀	၁၁။	**"တော်ကြပါတော့ဗျာ၊ သွားကြပါတော့ဗျာ"**
၁၉:၁၀	၁၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **သမားတော်** (အပိုင်း-၃၃)
၂၀:၀၀	၁၃။	ပြည်တွင်းသတင်း
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ပန်းနှင်းဆီ** (အပိုင်း-၂၄)
	၁၇။	နောက်တစ်နေ့အစီအစဉ်
	၁၈။	အစီအစဉ်ပြီး၏။

ရင်သားကင်ဆာဖြစ်ပူးသူအမျိုးသမီးများ အသက်ရှည်ရေး

ရင်သားကင်ဆာရောဂါကုသမှုခံယူပြီး မသေဘဲ ဆက်လက်ရပ်တည်နေနိုင်သည့် အမျိုးသမီးများသည် အသီးအနှံနှင့် ဟင်းသီးဟင်းရွက်များများစားပြီး ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ပေးလျှင် အဝလွန်သည့်တိုင်အောင် ရင်သားကင်ဆာရောဂါ ပြန်ပေါ်ပြီး သေဆုံးရမည့်အန္တရာယ်မှ များစွာလျော့နည်းကြောင်း သုတေသီများက တွေ့ရှိရသည်ဆို၏။

လေ့လာခဲ့

၁၉၉၁ခုနှစ်နှင့် ၂၀၀၀ပြည့်နှစ်များအတွင်း ရင်သားကင်ဆာဖြစ်စ အသက် ၅၀ ဝန်းကျင်ရှိ အမေရိကန်အမျိုးသမီး ၁၄၉၀တို့အား ကာလီးဖိုးနီးယား ဆန်ဒီဂိုတက္ကသိုလ်မှ သုတေသီများက လေ့လာပြီး အထက်ပါအတိုင်း တွေ့ရှိရခြင်းဖြစ်သည်။

လျော့နည်း

နေ့စဉ် အသီးအနှံနှင့် ဟင်းသီးဟင်းရွက် ငါးပွဲစားပြီး ရက်သတ္တပတ်လျှင် ခြောက်ရက်၊ တစ်နေ့နာရီဝက် လမ်းလျှောက်ခြင်းဖြင့် အဆိုပါ အမျိုးသမီးမှာ ရင်သားကင်ဆာရောဂါဖြင့် သေရမည့်ဘေးအန္တရာယ်မှ ၅၀ ရာခိုင်နှုန်းခန့် လျော့နည်းမည်ဟု ဆိုသည်။ (အင်တာနက်)

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

လှိုင်သာယာမြို့နယ် ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းကြီးမှူး ဖြိုးစေတနာ အခမဲ့ ဆေးကုခန်းဖွင့် ဆေးပဒေသာပင်အတွက် အလှူငွေပေးအပ်

ရန်ကုန် ဇွန် ၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)များဖြစ်ကြသည့် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် ယမန်နေ့ နံနက်၇နာရီက ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ်(၁၄)ရပ်ကွက် မန္တလေးလမ်းရှိ ရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းရုံး၌ ကျင်းပသော ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ စီစဉ်မှုဖြင့် လှိုင်သာယာ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် ဖြိုးစေတနာ အခမဲ့ဆေးကုခန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ ဆေးကုခန်းကို ဖွင့်လှစ်ပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ လှိုင်သာယာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ကြီးမှူးဖွင့်လှစ်သည့် ဖြိုးစေတနာအခမဲ့ ဆေးကုခန်းဖွင့်ပွဲကို လှိုင်သာယာမြို့နယ် အမှတ်(၁၄) ရပ်ကွက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးရှိ အဆိုပါဆေးကုခန်းရှေ့၌ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် ဆေးကုခန်းတာဝန်ခံ ဒေါက်တာခင်မောင်ဇော်တို့က ဖြိုးစေတနာ အခမဲ့ဆေးကုခန်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ယာပုံ)**

အဆိုပြုလွှာပေးအပ်

ယင်းနောက် ဖြိုးစေတနာ အခမဲ့ ဆေးကုခန်းဖွင့်ပွဲနှင့် ဆေးပဒေသာပင် လှူဒါန်းပွဲ အခမ်းအနားကို မန္တလေးလမ်းရှိ မဟာဝိဇယမွှောရုံ၌ ဆက်လက်ကျင်းပရာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းက အမှာစကား ပြောကြားပြီး မြို့တော်ဝန်ထံ လှိုင်သာယာမြို့နယ် အမှတ်(၁၄)ရပ်ကွက်နေ ပြည်သူများ၏ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် အဆိုပြုလွှာအစောင်၄၅၀ကို မြို့နယ်အသင်း အတွင်းရေးမှူး ဦးဉာဏ်ဝင်းက ပေးအပ်သည်။

အလှူငွေပေးအပ်

ဆက်လက်၍ ဖြိုးစေတနာ အခမဲ့ ဆေးကုခန်း ဆေးပဒေသာပင်အတွက် အလှူရှင်၊ စေတနာရှင်များက အလှူငွေများ ပေးအပ် လှူဒါန်းကြရာ လှိုင်သာယာမြို့နယ် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် သုံးသိန်း၊ ဦးကျော်ကျော်ဦး (MBL မြေတူးစက်ရောင်း၊ ဝယ်၊ ငှားလုပ်ငန်း) က ငွေကျပ်ငါးသိန်း၊ ဦးမြတ်သင်း အောင်(ဥက္ကဋ္ဌ၊ စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီ)က ငွေကျပ်သုံးသိန်း၊ ဦးကျော် အောင်(မန်နေဂျင်း ဒါရိုက်တာဘင်ဟာ ကုမ္ပဏီလီမိတက် လှိုင်သာယာ)နှင့် ဦးသိန်းဟန်(တိုကျိုပိုက်လုပ်ငန်း)တို့က ငွေကျပ် နှစ်သိန်းစီ၊ ဦးအုန်းဆိုင်(New Golden Gate Co., Ltd.)၊ ဦးဇေယျ (လှိုင်ရတနာထွန်း စားတော်ဆက်)၊ ဦးစိုးနိုင် (ခရေဖူး ဆေးဆိုးပန်းရိုက် လုပ်ငန်း)၊ ဦးသန်းစိုး (ဥက္ကဋ္ဌ၊ ဆီကုန် သည်အသင်း)၊ ဦးဝင်းသက်ထွန်း (ယန္တရားရောင်း၊ ဝယ်၊ ငှား၊ လုပ်ငန်း) ရွှေလင်ဗန်း စက်မှုဇုန် စီမံခန့်ခွဲရေး ကော်မတီ၊ စက်မှုဇုန်(၅) စီမံခန့်ခွဲရေး ကော်မတီ၊ ဦးချို–ဒေါ်မာလာနှင့် ဦးကံထူးတို့က ငွေကျပ်တစ်သိန်းစီ၊ လှိုင်သာယာ မြို့နယ်အမှတ်(၁၃)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအဖွဲ့ဝင်များနှင့် ပြည်သူများက ငွေကျပ် ၁၂၀၅၀၀ အပါအဝင် အလှူရှင်များက စုစုပေါင်းငွေကျပ် ၂၈၃၃၅၀၀ ကို ပေးအပ်လှူဒါန်းကြရာ ဗဟိုအလုပ် အမှုဆောင် မြို့တော်ဝန်နှင့် ဒုတိယ မြို့တော်ဝန်တို့က လက်ခံကြပြီး ဂုဏ်ပြု မှတ်တမ်းလွှာများကို ပြန်လည်ပေးအပ် ကြသည်။

ထို့နောက် ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဇ္ဈိမဒေသရှိ ဗုဒ္ဓဂယာမြေမြတ် မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာ ရဟန်းတော်များ၏ အဖွဲ့ပိုင် သုံးထပ် ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာ ရေးဗိမာန်တော်ကြီး) အတွက် မန္တလေး တိုင်း သဲတော ဝမ်းတွင်းမြို့နယ် ကိန္နရီအထည်စက်ရုံ ဦးအုန်းကျော်–ဒေါ်မို သားသမီး၊ မြေးတစ်စုတို့က ကျောင်းအလှူငွေကျပ်တစ်သိန်းကို ကျောင်းဖြစ်မြောက်ရေး အကျိုးဆောင်ဥက္ကဋ္ဌဆရာတော် အရှင်ရာဇိန္ဒ(နာလန္ဒာ) ရှေ့မှောက်၌လှူဒါန်းရာ အမှုဆောင်ဦးစိန်ဝင်းနှင့် ဒေါက်တာရွှေထွန်းတို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။ (က–ပ)

တရားစခန်းပွဲ၊ ဘုရားကျောင်းဆောင်လှူဒါန်းပွဲနှင့် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၉

ဗုဒ္ဓအလိုတော်ကျ မိုးကုတ်ဆရာတော်ကြီး၊ မဟာစည်ဆရာတော်ကြီး၊ သဲအင်းဂူဆရာတော်ကြီး၊ လယ်တီဆရာတော်ကြီး၊ ဓမ္မဒူတအရှင်ပညာဇောတ(တောဒင်)ဆရာတော်ကြီးများအား ကျေးဇူးပြု၊ ကျေးဇူးဆပ်သောအားဖြင့် သာသနာပြန့် သစ္စာအဓိဋ္ဌာန် သမထ ဝိပဿနာတရားစခန်းပွဲကြီးကို ဒသမ အကြိမ် ဇွန် ၁၈ရက်မှ ၂၂ရက်အထိ သင်ကြား၊ ကျင့်ကြံပွားများအားထုတ်နည်းကို သင်ကြားပို့ချပေးမည်ဖြစ်သည်။ ဩဂုတ် ၂၂ရက်တွင် စုပေါင်းသွေးလှူဒါန်းပွဲနှင့် စက်တင်ဘာ၁၈ရက်တွင် အဋ္ဌမအကြိမ်မြောက်ဘုရား၊ ဘုရား ကျောင်းဆောင်နှင့် အာဟာရဒါနလှူဒါန်းမှုများ ကျင်းပမည်ဖြစ်ရာ လူမျိုးမရွေး၊ ဘာသာမရွေး၊ အရွယ်မရွေး လာရောက်လေ့လာ သင်ကြားအားထုတ်နိုင်သည်။ ဆွမ်းစရိတ်အခမဲ့ လှူဒါန်းသည်။ ဆက်သွယ် လိုသူများ ဦးအရိယာဝံသ မန္တလေး ကျောင်း၃၇/ ရန်အောင်တိုက် ၄/သန္တာ မြောက်ဥက္ကလာ၊ ဒေးဒရဲဆရာတော် အရှင်ဝဏ္ဏိတ (ရတနာဓမ္မာရုံကျောင်း) ခြောက်ထပ်ကြီး ဗဟန်းမြို့နယ် ဖုန်း– ၅၅၄၆၈၄၊ အောင်မင်္ဂလာဆရာတော် အရှင်စန္ဒိမာ ပုဇွန်တောင်မြို့နယ် ဖုန်း– ၂၉၂၄၅၁၊ ဦးငွေဟိန်း(ခ)ငွေထွန်း ငွေပေါ်ကျွန်း ဗုဒ္ဓတထောင်သာသနာပြု ကြွေးကင်း ရန်ပြေအောင်ပေါင်းစု ဘုရားဝင်း ၁/ရပ်ကွက် ဝေဘာဂီ မြို့သစ် မြောက်ဥက္ကလာပမြို့နယ် ခြောက်ကွေ့ ဖုန်း–၀၉–၅၁ ၈၀၈၁၁၊ မထေက်ထက်ပိုင် Grade – XI(H), T.T.C(ကမာရွတ်)၊ ဒေါ်မြင့်မြင့်မော် (ဥက္ကဋ္ဌ) မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝေဘာဂီမြို့သစ်၊ ဦးအောင်ကြည်(စည်းရုံးရေးမှူး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း) ဝေဘာဂီမြို့သစ်၊ ဦးတင်ရီ ဖုန်း–၀၉–၅၁ ၃၇၄၅၅၊ ၈/ကောင်းလက်ရာ ထမင်းဆိုင် မြေနီကုန်း မပိုလမ်း စမ်းချောင်း တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က–ပ)

ဆေးလိပ်နှင့် ဆေးရွက်ကြီးဥပဒေ ပင်လည်ဘူး၌ ရှင်းလင်းဆွေးနွေး

ကသာခရိုင် ပင်လည်ဘူးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ကြီးမှူးကျင်းပသော ဆေးလိပ်နှင့် ဆေးရွက်ကြီး ဥပဒေဆိုင်ရာ အချက်အလက်များ ဆယ်အိမ်စုမှူးများသို့ ရှင်းလင်း ဆွေးနွေးပွဲကို မေ ၂၃ ရက် နံနက် ၉ နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ဆွေက အမှာစကား ပြောကြားပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာရဲဝင်းက ဆေးလိပ်နှင့် ဆေးရွက်ကြီးကြောင့် ဖြစ်ပေါ်တတ်သော ဆိုးကျိုးများ၊ မြို့နယ်ဥပဒေအရာရှိဦးခင်ဆန်းက ဆေးလိပ်နှင့် ဆေးရွက်ကြီးဆိုင်ရာ ဥပဒေများကို ရှင်းလင်း ဆွေးနွေးကြသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့အလင်း ပြည်တွင်း သတင်းအတိုအထွာ

ခြံစည်းရိုးကြက်ဆူပင် အပြည့်အဝစိုက်ပျိုးရေး မိုးမောက်၌ ဆွေးနွေး

ဗန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းကြည်သည် မေ၂၂ရက် ညနေ၄နာရီက မိုးမောက်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမတွင် မြို့နယ်ဥက္ကဋ္ဌဦးမင်းစိုးနှင့် မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဝင်များအား တွေ့ဆုံ၍ ခြံစည်းရိုးကြက်ဆူပင် အပြည့်အဝအောင်မြင်အောင် စိုက်ပျိုးရေးကို အဓိကထား ဆွေးနွေးမှာကြားခဲ့ပြီး ဝဝမ်ကွမ်ဘန်ကျေးရွာရှိ ခြံစည်းရိုးကြက်ဆူပင်ပျိုးထောင်ထားရှိမှုအခြေအနေကို သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျောင်းအပ်နှံရေးနေ့ ဆဒုံး၌ ကျင်းပ

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ဆဒုံးမြို့ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၉ရက် နံနက်၁၀နာရီက ဆဒုံးမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ အုပ်ချုပ်ရေးမှူး ဦးကျော်သူက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးဒေါ်မြရွှေက ကျောင်းအပ်နှံရေးနေ့ အကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အုပ်ချုပ်ရေးမှူး ဦးကျော်သူ၊ စခန်းမှူးရဲအုပ်တင်မောင်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာထွန်းနှင့် အဖွဲ့ဝင် ဒေါ်မာလာမြင့်တို့က အလှူငွေများ၊ စာအုပ်နှင့်စာရေးကိရိယာများ ပေးအပ်လှူဒါန်းကြသည်။ **(က–ပ)**

မူလတန်းပြဘာသာရပ် မွမ်းမံသင်တန်းဆင်း

မူလတန်းပြဘာသာရပ် မွမ်းမံသင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၁၈ရက် မွန်းလွဲ ၂နာရီက တမူးမြို့ ဈေးတန်းရပ်ကွက် အမှတ်(၁)အခြေခံပညာ မူလတန်းကျောင်း၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးလှဖေဝင်း၊ ခရိုင်ပညာရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယရဲမှူးကြီးအောင်ထိန်၊ ခရိုင်ပညာရေးမှူးဦးဟရန်းလူတို့က အမှာစကား ပြောကြားကြပြီး သင်တန်းဆရာတစ်ဦးက သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက်ထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြပြီး သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၄ ဦး တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရေး ဆင်ဘိုမြို့၌ တွေ့ဆုံဆွေးနွေး

ကချင်ပြည်နယ် ဆင်ဘိုမြို့ အုပ်ချုပ်ရေးမှူးဦးစိုးစိုးသက်သည် မေ ၁၇ ရက် နံနက် ၁၁ နာရီက အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာန ခန်းမဆောင်တွင် ဌာနဆိုင်ရာများ၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များအား တွေ့ဆုံ၍ ၂၀၀၇–၂၀၀၈ ခုနှစ်အတွင်း ခြံစည်းရိုးကြက်ဆူပင် ၈၇၁၃ ဧက၊ မိုးစပါး ၇၀၈၉ ဧက၊ ကြံဧက ၁၂၅၀၊ ရော်ဘာဧက ၂၀၀တို့ကို စီမံချက်အတိုင်း အပြည့်အဝ အောင်မြင်အောင် စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။

(မြို့နယ် ပြန်/ဆက်)

နိုင်ငံသားစိစစ်ရေးကတ်ပြား စဥ့်ကိုင်၌ ပေးအပ်

စဥ့်ကိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်းလုပ်ရှားမှုအသွင်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို မေ ၂၈ ရက် နံနက် ၁၀ နာရီက မိုးကောင်းအုပ်စု ချောင်းပါတ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပရာ ကျောက်ဆည်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဦးက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးဌာနမှူး၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမြငွေ၊ မြို့နယ်ဦးစီးဌာနမှူးဦးတင်ထွန်းနှင့် မြို့နယ်အသင်း အတွင်းရေးမှူးဦးကြည်ဟိန်းတို့က နိုင်ငံသားစိစစ်ရေးကတ် ၂၅၀အား ကျေးရွာပြည်သူများထံ ပေးအပ်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမျိုးသမီးနှင့်ကလေး ကျန်းမာဖွံ့ဖြိုးရေးသင်တန်းဖွင့်

ကျွန်းလှမြို့နယ် ကျန်းမာရေးဌာနက ကြီးမှူးပြီး အမျိုးသမီးနှင့်ကလေးသူငယ်များ ကျန်းမာဖွံ့ဖြိုးရေးစီမံချက် သင်တန်းဖွင့်ပွဲကို မေ ၂၉ ရက် နံနက် ၉ နာရီက စုပေါင်းရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ကျန်းမာရေး ကော်မတီဥက္ကဋ္ဌဦးအေးနိုင်နှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌဒေါ်စမ်းမြင့်တို့က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာတင်ငွေက အမျိုးသမီးနှင့် ကလေးသူငယ်များ ကျန်းမာရေး အကြောင်း သိကောင်းစရာများ ဆွေးနွေးကြောင်း သိရသည်။**(မြို့နယ် ပြန်/ဆက်)**

10-6 (05) 1 6/9/07, 3:09 PM

အော်တိုအိတ်ချိန်းများနှင့် ရွှေဂုံတိုင်မိုဘိုင်းလ်ဆက်သွယ်ရေးစခန်း ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် စစ်ဆေး၊ လုပ်ငန်းများအချိန်မီပြီးစီးရေး မှာကြား

ရန်ကုန် ဇွန် ၉

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်သည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန်၇ရက်က ဖြူးမြို့ အော်တိုအိတ်ချိန်းသို့ ရောက်ရှိပြီး အိတ်ချိန်းတာဝန်ခံက ဆက်သွယ်မှုလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းပေးကာ ဆက်သွယ်ရေးစနစ်များ ကောင်းမွန်ရေး၊ စက်ပစ္စည်းများ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့်ဝန်ကြီးသည်ကညွတ်ကွင်းမြို့ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းသို့ရောက်ရှိရာ အိတ်ချိန်းတာဝန်ခံက လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ဆက်သွယ်ရေး အိတ်ချိန်းအတွင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးသည် ပြွန်တန်ဆာမြို့ အော်တိုအိတ်ချိန်းသို့ ရောက်ရှိပြီး တာဝန်ခံများက ဆက်သွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးကလိုအပ်သည်များကို ဖြည့်စွက်ဆောင်ရွက်ပေးကာ အိတ်ချိန်း ဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့နံနက်ပိုင်းက အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်းတွင် အသုံးပြုမည့် ယာဉ်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံ

ထို့နောက် ဝန်ကြီးသည် အပြည်ပြည်ဆိုင်ရာအမြန်ချောစာပို့ဆောင်ရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တွေ့ဆုံ၍ ဆက်သွယ်ရေး လုပ်ငန်းများ တိုးတက်ကောင်းမွန်ရေးဆိုင်ရာများကို ညှိနှိုင်းဆောင်ရွက်ပေးကာ ဌာနဆိုင်ရာ အကြီးအကဲများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အချိန်မီ ပြီးစီးရေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် ရွှေဂုံတိုင်မိုဘိုင်းလ်ဆက်သွယ်ရေးစခန်းသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ သက်ဆိုင်ရာ အင်ဂျင်နီယာချုပ်များက မိုဘိုင်းလ်ဆက်သွယ်ရေးစနစ် တိုးတက်ကောင်းမွန်ရေး လုပ်ငန်းဆိုင်ရာများ၊ ရန်ကုန်မြို့ အော်တိုတယ်လီဖုန်းဆိုင်ရာများ၊ အဝေးဆက်သွယ်မှုဆိုင်ရာများနှင့် ပြည်ပ ဆက်သွယ်ရေးစနစ်ဆိုင်ရာများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ကာ လုပ်ငန်းများ စနစ်တကျနှင့် အချိန်မီ ပြီးစီးရေး မှာကြားသည်။

ယင်းနောက် ဝန်ကြီးသည် မိုဘိုင်းလ်ဆက်သွယ်ရေးစက်ခန်းများနှင့် စက်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုသိမ်မြို့ဓမ္မရေစင်အဖွဲ့၏ တတိယအကြိမ်နွေရာသီအခြေခံ ယဉ်ကျေးမှုသင်တန်း အာဂုံပြန်/စာအောင်ဆုချီးမြှင့်ပွဲအခမ်းအနားကို မေ၂၀ရက်က ကျင်းပရာ ပုသိမ်မြို့ တကောင်းလမ်းနေ ဦးမြတ်လင်း-ဒေါ်တင်တင်မြ (အိအိချိုင်ရတ်သီးမှုန့်) မိသားစုက အာဂုံပြန် ၁၂ဦးအတွက် ငွေကျပ် ၁၅၀၀၀၀ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးနေမှု ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန် စစ်ဆေး၊ မှန်ကန်မြန်ဆန်စွာ ထုတ်ပေးရေး မှာကြား

နေပြည်တော် ဇွန် ၉

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်သည် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မြင့် လိုက်ပါလျက် ဇွန် ၃ ရက် နံနက်ပိုင်းက တီးတိန်မြို့ မြို့နယ်ခန်းမ၌ မြို့နယ်နှင့်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ တီးတိန်မြို့နယ်၊ တွန်းဇံ မြို့နယ်၊ ရိခေါဒါမြို့၊ ကျည်ခါးမြို့တို့မှ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာကိုယ်စားလှယ်များနှင့် တွေ့ဆုံပြီး လူထုလှုပ်ရှားမှုအသွင်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ မြန်ဆန်စွာထုတ်ပေးနိုင်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် တီးတိန်မြို့ မြို့မရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး၌ နိုင်ငံသားစိစစ်ရေး ကတ်ပြား ထုတ်ပေးရေးနှင့် စိစစ်ရေး ကတ်ပြားထုတ်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံးခန်း၌ တီးတိန်မြို့နယ်၊ တွန်းဇံမြို့နယ်၊ ရိခေါဒါမြို့၊ ကျည်ခါးမြို့တို့မှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများအားတွေ့ဆုံပြီး နိုင်ငံသားစိစစ်ရေး ကတ်ပြားများ မှန်ကန် မြန်ဆန်စွာ ထုတ်ပေးနိုင်ရေးအတွက် မှာကြားသည်။ ယင်းနေ့တွင် တီးတိန်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၁၂ကတ်ကို ထုတ်ပေးခဲ့သည်။

ဖလမ်းမြို့

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် တီးတိန်မြို့မှ ဆက်လက်ထွက်ခွာ၍ မွန်းလွဲပိုင်းတွင် ဖလမ်းမြို့သို့ ရောက်ရှိပြီး ဖလမ်းမြို့ သဇင်ခန်းမဆောင်၌ ဖလန်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နှင့်ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဖလမ်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး လူထုလှုပ်ရှားမှုအသွင်ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို လျင်မြန်စွာ ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများကိုရှင်းလင်းပြောကြားသည်။ ထိုနေ့တွင် ဖလမ်းမြို့၌ နိုင်ငံသား စိစစ်ရေးကတ်ပြား ၁၄၉ ကတ် ထုတ်ပေးခဲ့သည်။

ဟားခါးမြို့

ဒုတိယဝန်ကြီးသည် ဇွန် ၄ရက် နံနက်ပိုင်းတွင် ဟားခါးမြို့ မြို့တော်ခန်းမ၌ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ လူထုလှုပ်ရှားမှုအသွင်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လူထုလူတန်းစားအသီးသီးသို့ မြန်ဆန်စွာ ထုတ်ပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနရုံး၌ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေး ဆောင်ရွက်ပုံအဆင့်ဆင့်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနေမှုတို့ကို သွားရောက်ကြည့်ရှုသည်။

တမူးမြို့

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၅ရက် နံနက်ပိုင်းတွင် တမူးမြို့သို့ ရောက်ရှိပြီး တမူးမြို့ မြို့နယ်ခန်းမ၌ တမူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ နိုင်ငံသား စိစစ်ရေးကတ်ပြားများ၊ လူထုလူတန်းစားအသီးသီးသို့ မြန်ဆန်စွာ ထုတ်ပေးရေးအတွက် ဆောင်ရွက်နေသည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် တမူးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံး၌ နိုင်ငံသား စိစစ်ရေးကတ်ပြားထုတ်ပေးရေး ဆောင်ရွက်ပုံအဆင့်ဆင့်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းပြောကြား

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်သည် ဇွန်၆ရက် နံနက်ပိုင်းက ကလေးမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ လူထုလှုပ်ရှားမှုအသွင်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ မြန်ဆန်စွာ ထုတ်ပေးရေးအတွက် ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထုတ်ပေးနေမှု

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံး၌ နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးအဆင့်ဆင့် ဆောင်ရွက်နေပုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

Canon Red & White Night အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၉

Accel International Co., Ltdနှင့် Canon (Singapore) Pte., Ltd. တို့က ပူးပေါင်းကျင်းပသော Canon Red & White Night အခမ်းအနားကို ဇွန်၇ရက် ညနေ၆နာရီက ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ကျင်းပရာ အခမ်းအနားတွင် Accel International Co., Ltd. မှ Operations Manager Mr. Gerald Pang က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် ၂၀၀၇ ခုနှစ် ပထမနှစ်ဝက်တွင် Canon Printer များနှင့် Canon Digital Camera များကို ရောင်းချပေးခဲ့သော ရောင်းအားအကောင်းဆုံး အရောင်းကိုယ်စားလှယ်များကို ဂုဏ်ပြုဆုများချီးမြှင့်ပြီး Canon Club မှကြီးမှူးကျင်းပသောဓာတ်ပုံပြပွဲတွင် ဆုရရှိသူများကိုဆုများချီးမြှင့်သည်။

မြန်ဆန်တိကျ

Canon မှ ယခုမိတ်ဆက်တင်သွင်းသော Canon Digital Camera အသစ်များသည် မြင်ကွင်းအားလုံးကို 'O'cm အကွာအဝေးမှ မြင်ကွင်းကျယ်အထိ ရိုက်ကူးနိုင်သည်။ Ultra-low Dispersion (UD) lens ကို အသုံးပြုထားသဖြင့် တိကျသော ပုံရိပ်နှင့် ယိမ်းယိုင်မှုမရှိသော အရောင်များကို ထုတ်လုပ်ပေးနိုင်သည့်အပြင် မြန်ဆန်တိကျသော Auto Focus များကို ပြုလုပ်ပေးနိုင်သည်။

မော်ဒယ်အမျိုးအစားစုံလင်

Canon Ink Jet Printer မော်ဒယ်အသစ်များသည် Digital Camera များမှ ကွန်ပျူတာ ကြားခံမလိုဘဲ တိုက်ရိုက်ပုံထုတ်ယူနိုင်သည်။

ထို့ပြင် Printer တစ်လုံးထဲ၌ပင် Print/Scan/Copy/Fax လေးမျိုးသုံးနိုင်သော All-in-One Printer များလည်းပါဝင်ရာ စက်တစ်လုံးတည်းနှင့် လုပ်ငန်းလေးမျိုးအသုံးပြုနိုင်သည်။

ဖွင့်လှစ်ထားရှိ

Accel International Co., Ltd. မှ တင်သွင်းသော Canon Digital ကင်မရာများနှင့် Printer အမျိုးမျိုးတို့ကို အမှတ် ၄၂၂၊ ၄၂၆ ဆဋ္ဌမထပ် သစ်တောဖက်စပ် ကူးသန်းရောင်းဝယ်ရေး အဆောက်အအုံ ဗိုလ်တထောင်ဘုရားလမ်း ရန်ကုန်မြို့ ဖုန်း-၂၀၂၀၉၂-၉၆သို့ ဆက်သွယ်ဝယ်ယူနိုင်ပြီး Canon အရောင်းပြခန်းများကို ရန်ကုန်မြို့တွင် အမှတ် ၇-၈ အောင်ဆန်းကွင်း တောင်ဘက်တန်း မင်္ဂလာတောင်ညွန့်မြို့နယ် ဖုန်း-၂၄၃၀၃၆-၃၈ နှင့် မန္တလေးမြို့တွင် အမှတ်(၄-၅) S-Y အဆောက်အအုံ ၇၈လမ်း ဘုတာကြီးနှင့် မျက်နှာချင်းဆိုင် ဖုန်း-၀၂-၃၉၈၁၆၊ ၃၉၆၁၇၊ ၃၉၆၁၈၊ ၃၉၆၁၉ နှင့် ပျဉ်းမနားမြို့တွင် အမှတ် ၇၁၄ ပေါင်းလောင်း ၁၉လမ်း ဖုန်း-၀၆၇-၂၂၉၆၉၊ ၂၂၆၉၇ တို့တွင် ဖွင့်လှစ်ထားရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မိုးကုတ်ဝိပဿနာသင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၉

ရွှေတိဂုံဘုရား မြောက်ဘက်မုခ်ရှိ ပဓာနဓမ္မာရုံကြီးတွင် (၁၇)ကြိမ်မြောက် မိုးကုတ်ဝိပဿနာတရားသင်တန်း၌ ဓမ္မကထိက ဆရာကြီးဦးစိန်ဝက ခန္ဓာညာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဇွန်၁၆ရက်မှ ၂၀ရက်အထိ နေ့စဉ်မွန်းတည့် ၁၂နာရီမှ ညနေ၄နာရီအထိ ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို တက်ရောက်နာယူနိုင်သည်။ ထို့အပြင် တနင်္ဂနွေနေ့တိုင်း နံနက်၉နာရီမှ ညနေ၄နာရီအထိ ဝိပဿနာအထိုင်စခန်းရှိကြောင်းသိရသည်။ **(က-ပ)**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ကမ္ဘာ့ခရီးသွားလုပ်ငန်း ကွန်ဖရင့်၌ တက်ရောက်စဉ်။ (သတင်းစဉ်)

ရောဝတီမြစ်အနောက်ဘက်ခြမ်းဒေသနေ ပြည်သူများ သွားလာမှုလွယ်ကူစေရေး ပုသိမ်–မုံရွာ လမ်းဖောက်လုပ် ပေဂဝအထက် တံတား ၂၄စင်း တည်ဆောက်ပေးပြီးဖြစ်

ရန်ကုန် ဇွန် ၉

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၆ရက် နံနက်ပိုင်းက ပုသိမ်–မုံရွာလမ်း (ပဒါန်း–ကဇွန်းမ အပိုင်း)လမ်းတံတားများကို ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်(၁၆၀/၁)ရှိ သရူးချောင်း တံတားသို့ရောက်ရှိသည်။

ဝန်ကြီးသည် လက်ရှိ မြေပြင်အခြေအနေ၊ လမ်းအူကြောင်းနှင့် ရေစီးကြောင်းအနေအထားတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယအင်ဂျင်နီယာချုပ် ဦးမြင့်လွင်က တံတားနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက မြေစမ်းသပ်မှုနှင့် အကြို အင်ဂျင်နီယာလုပ်ငန်းများ လုပ်ဆောင်ထားရန် မှာကြား၍ ဆက်လက် ထွက်ခွာခဲ့ရာ မိုင်တိုင်(၁၅၂/၄)ရှိ ကံပြားလမ်းစခန်းရုံးသို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ကံပြားလမ်းစခန်းရုံး၌ ဝန်ကြီးအား မကွေးတိုင်းအင်ဂျင်နီယာမှူးကြီး ဦးအောင်ကျော်မြင့်၊ လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ (၃) အင်ဂျင်နီယာမှူး ဦးဘစော၊ ပခုက္ကူခရိုင်အင်ဂျင်နီယာမှူး ဦးဇော်ဝင်းမြင့်တို့က ပုသိမ်–မုံရွာလမ်း (မြောက်ပိုင်း)၌ မိမိတို့တာဝန်ယူထားသည့် လမ်းအပိုင်းလိုက် လမ်းတံတားများ ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ရှင်းလင်း

ဆက်လက်၍ ကြံခင်း–ပခုက္ကူရထားလမ်း၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ၍ တည်ဆောက်ပေးရမည့် ရထားတံတားခြောက်စင်း၏ တံတားအူကြောင်း၊ လမ်း အူကြောင်းနှင့်တည်နေရာ အခြေအနေတို့ကို တာဝန်ခံ အင်ဂျင်နီယာမှူးများက ဝန်ကြီးအား ရှင်းလင်းတင်ပြရာ၊ ဒုတိယအင်ဂျင်နီယာချုပ် ဦးမြင့်လွင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

တိုးချဲ့ဆောင်ရွက်

ဝန်ကြီးက ရောဝတီမြစ်၏ အနောက်ဘက်ခြမ်း ဒေသနေ ပြည်သူများသွားလာမှု လွယ်ကူစေရေးအတွက် ၄၅၂ မိုင် ၂ဖာလုံ ကွာဝေးသည့် ပုသိမ်–မုံရွာလမ်းကို လမ်းဖောက်လုပ်၍ တံတားများ တည်ဆောက်ပေးခဲ့ရာ ယခုအခါ ကတ္တရာလမ်းမိုင် ၁၆၉မိုင် ၇ဖာလုံရှိပြီး ပေ၁၈၀နှင့်အထက် တံတားပေါင်း ၂၄စင်း တည်ဆောက်ပေးပြီးဖြစ်ရာ ကတ္တရာလမ်း နှစ်စဉ်တိုးချဲ့ဆောင်ရွက်သွားရန် မှာကြားပြီး လုပ်ငန်း လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မုန်းချောင်းတံတားစီမံကိန်း

ဝန်ကြီးနှင့်အဖွဲ့သည်ကံပြားစခန်းမှ ဆက်လက်ထွက်ခွာခဲ့ရာ လမ်းဆောက်လုပ်ရေး စီမံကိန်းအထူး အဖွဲ့(၃)က တာဝန်ယူ၍ မိုင်တိုင် ၁၃၆မိုင် ၆ဖာလုံ၌ မုန်းချောင်းကို ဖြတ်သန်း တည်ဆောက်လျက်ရှိသည့် မုန်းချောင်းတံတား စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိခဲ့သည်။

စမ်းသပ်စစ်ဆေး

စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ခံအင်ဂျင်နီယာမှူး ဦးဘစောက တံတားလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ တံတားချဉ်းကပ်လမ်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ဝန်ကြီးအား ရှင်းလင်း တင်ပြသည်။ ဝန်ကြီးက တံတား၏ အချောသတ်လုပ်ငန်းများကိုကောင်းမွန်အောင်လုပ်ဆောင်ရန်နှင့် တံတားခံနိုင်ဝန်အား (Load Test)ကို စမ်းသပ်စစ်ဆေးရန်တို့ကို မှာကြားကာ လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

ကြိုးတံတားအမျိုးအစား

မုန်းချောင်းတံတား အမျိုးအစားမှာ ဘေလီတစ်လမ်းသွားကြိုးတံတားအမျိုးအစားဖြစ်ပြီး ပင်မတံတားအရှည် ပေ ၄၀၀နှင့် ချဉ်းကပ်တံတား ပေ၅၄၀ရှိ၍ စုစုပေါင်းတံတားအရှည်ပေ၉၄၀ ဖြစ်ပြီး တံတား ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၃၀ဖြစ်သည်။

ဆက်လက်ဆောင်ရွက်

ယခုအခါ မုန်းချောင်းတံတား၏ လုပ်ငန်းများ ပြီးစီးလျက်ရှိပြီး တံတားအချောထည်လုပ်ငန်းနှင့် ချဉ်းကပ်လမ်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟိုတယ်/ ခရီးဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ကမ္ဘာ့ခရီးသွားလုပ်ငန်းကွန်ဖရင့်တက်ရောက် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ရင်းနှီးစွာဆွေးနွေးခဲ့

နေပြည်တော် ဇွန် ၉

ကမ္ဘာ့ခရီးသွားလုပ်ငန်း ကွန်ဖရင့်ကို မလေးရှားနိုင်ငံ ခရီးသွားနှစ် ၂၀၀၇ခုနှစ်၊ မလေးရှားနိုင်ငံ၏ နှစ် (၅၀)မြောက် လွတ်လပ်ရေးနေ့တို့နှင့် တိုက်ဆိုင်၍ ဇွန် ၄ရက်မှ ၆ရက်အထိ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ရှန်ဂရီလာဟိုတယ်၌ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် အာဆီယံနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၇၂ နိုင်ငံတို့မှ ကိုယ်စားလှယ် ၈၂၆ ဦးတို့ တက်ရောက်ခဲ့ကြသည်။

တက်ရောက်

ကမ္ဘာ့ခရီးသွားလုပ်ငန်း ကွန်ဖရင့်ဖွင့်ပွဲအခမ်းအနားသို့ ခရီးသွားလုပ်ငန်း ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ခရီးသွားလုပ်ငန်းအာဏာပိုင် အဖွဲ့ဥက္ကဋ္ဌများ၊ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ်နှင့် အဖွဲ့ဝင်များ၊ အာရှပစိဖိတ် ခရီးသွား အသင်းအဖွဲ့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူပညာရှင်များ၊ လေကြောင်းလိုင်းများမှ ဥက္ကဋ္ဌများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ၊ ခရီးသွားမဂ္ဂဇင်းနှင့် ဂျာနယ်တို့မှတာဝန်ရှိသူများ တက်ရောက်ကြသည်။

အဖွင့်မိန့်ခွန်း

ကွန်ဖရင့်ဖွင့်ပွဲ အခမ်းအနားတွင် မလေးရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ် Hon.Dato Sri Haji Mohd.Najib Bin Tun Haji Abdul Razak က အဖွင့်မိန့်ခွန်း ပြောကြားသည်။

ကျေးဇူးတင်စကား

ဆက်လက်၍ မလေးရှားနိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး Hon. Datuk Seri Tengku Adnan Tengku Mansor နှင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ အထွေထွေအတွင်းရေးမှူးချုပ် Mr. Francesco Frangialli တို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီး ကိုယ်စားလှယ်များ ကိုယ်စား ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးဌာန ဝန်ကြီး Hon. Dr. Suvit Yodmani က ကျေးဇူး တင်စကား ပြောကြားသည်။

ညှိနှိုင်းဆွေးနွေး

အဆိုပါကွန်ဖရင့်တွင် ခရီးသွားလုပ်ငန်းဆိုင်ရာကျွမ်းကျင်သူပညာရှင်များ၊ ဟိုတယ်နှင့် ခရီးသွား လုပ်ငန်းကုမ္ပဏီများမှဘုတ်အဖွဲ့ဥက္ကဋ္ဌများ၊လေကြောင်းလိုင်းများမှ ဥက္ကဋ္ဌများနှင့် ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ ဥက္ကဋ္ဌတို့က ကမ္ဘာ့ခရီးသွားလုပ်ငန်း စနစ်တကျနှင့် ရေရှည် ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းဖြင့် အမျိုးသားစီးပွားရေးကို အထောက်အကူပြုရေး၊ ခရီးသွားလုပ်ငန်းဖြင့် သဘာဝပတ်ဝန်းကျင်၊ ယဉ်ကျေးမှုနှင့် လူမှုစရိုက် လက္ခဏာများကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေး၊ လေကြောင်းလိုင်းများ အကူအညီဖြင့် ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ သတင်းနှင့် ဆက်သွယ်ရေး အတတ်ပညာများအသုံးပြု၍ ခရီးစဉ်ဒေသများကို မြှင့်တင်ကြော်ငြာရေး၊ ခရီးသွားလုပ်ငန်းဖြင့် ကမ္ဘာ့နိုင်ငံ အသီးသီးတို့အကြား ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် နားလည်မှုများ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြပြီး နည်းဗျူဟာများကို ချမှတ်ကြသည်။

ရင်းနှီးစွာဆွေးနွေး

ယင်းကွန်ဖရင့်သို့ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ ရင်းနှီးစွာ ဆွေးနွေးခဲ့သည်။

ခရီးသွားလုပ်ငန်းတိုးမြှင့်ရေး

ဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကွန်ဖရင့်ကျင်းပစဉ်ကာလအတွင်း ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးဌာနဝန်ကြီး Hon. Dr. Suvit Yodmani၊ မလေးရှားနိုင်ငံ ခရီးသွားလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး Hon. Datuk Seri Tengku Adnan Tengku Mansor၊ မလေးရှား စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့ ဒုတိယအကြီးအကဲ Mrs. Jalilah Baba နှင့် မလေးရှားနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. T. Jasudasen တို့အားတွေ့ဆုံပြီး သက်ဆိုင်ရာ နိုင်ငံများတွင် ဟိုတယ်လုပ်ငန်း၊ လူနေ အဆောက်အအုံ၊ ရုံးအဆောက်အအုံများတွင် ပြည်ပ ရင်းနှီးမြှုပ်နှံမှုများနှင့် နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း တိုးမြှင့်ရေးအတွက် ပူးပေါင်း ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက်၌ ဇွန် ၅ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးထင်အောင်နှင့် ဝန်ထမ်းများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ ပူးပေါင်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ လွယ်ကူလျင်မြန်စွာ ထုတ်ပေးရေး ဆောင်ရွက်ရာ ရန်ကုန်မြောက်ပိုင်းခရိုင် ဦးစီးဌာနမှူး(ဒုတိယညွှန်ကြားရေးမှူး) ဦးစိုးပိုင်မြင့် ကြပ်မတ်ဆောင်ရွက်စဉ်။
(သတင်းစဉ်)

ခြေလျင်နှင့် တောင်တက်အသင်း (၁၂) ကြိမ်မြောက် မိတ်ဆုံဂုဏ်ပြုပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၉

တက္ကသိုလ်များခြေလျင်တောင်တက်အသင်းနှင့် ရန်ကုန်တက္ကသိုလ်ခြေလျင်တောင်တက်အသင်းတို့က ကြီးမှူးကျင်းပမည့် (၁၂)ကြိမ်မြောက် မိတ်ဆုံပွဲ၊၂၀၀၆–၂၀၀၇ ပညာသင်နှစ်အတွင်း ဆောင်ရွက်ခဲ့သော လွန်ခရူမာဒင်ရေခဲတောင်အပါအဝင် တောင်တက်ခရီးကြမ်းများတွင် ပါဝင်ခဲ့သူများနှင့် ကူညီပံ့ပိုးပေးသူများအား ဂုဏ်ပြုပွဲကို ဇွန် ၂၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်း တော်ဝင်နှင်းဆီဥယျာဉ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံ ခြေလျင်/တောင်တက်အဖွဲ့ချုပ်နှင့် တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ ကျောင်းသားဟောင်း/မျိုးဆက်သစ်တောင်တက်အဖွဲ့ဝင်အားလုံး ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

(က–ပ)

မူးယစ်ကင်းစင် အလှဆင်

ကျောင်းသားအမည်ခံ တိုင်းပြည်သစ္စာဖောက်များသို့

ကျောင်းဖွင့်ချိန်သို့ ရောက်ပြန်ခဲ့ချေပြီ။

ကျောင်းဖွင့်ချိန်ရောက်တိုင်း ကျွန်တော်ပျော်သည်။ ငယ်စဉ်တုန်းက ကိုယ်တိုင် ကျောင်းသားဘဝ ကျောင်းစတက်ရသည်ကို နှစ်ခြိုက်သဘောကျသည်။ ပုဆိုးအသစ်၊ လွယ်အိတ်အသစ်၊ အင်္ကျီအသစ်၊ စာအုပ်အသစ်၊ အတန်းအသစ်၊ သစ်လွင်လှပနေသော မိုးဦးကျ သြကာသလောကနှင့်အပြိုင် ကျောင်းသားဘဝ၏ သစ်လွင်ဖြူစင်သောဘဝ၌ ကျွန်တော်တို့ အလွန်ပျော်ခဲ့ကြသည်။ ကိုယ်တိုင်မိဘဖြစ်လာပြန်သောအခါ အတန်းသစ်တက်မည့် ကျောင်းသားအသစ်ကလေးများဖြစ်သော သားသမီးတို့၏ သစ်လွင်ဖြူစင်မှုကို မြတ်နိုးစွာ ပျော်ရပြန်ပါသည်။ ဟော-အခုလည်း မိုးဦးကျ၍ ကျောင်းများဖွင့်ပြန်လေပြီ။ အေးမြသော မိုးစက်မိုးပွင့်တို့နှင့် အတူ စိမ်းစိုလန်းဆန်းသစ်လွင်လာသော မြင်ကွင်းများအကြားဝယ် အဖြူ အစိမ်းနှင့် ချစ်စဖွယ်ကျောင်းသူ ကျောင်းသား ရင်သွေးငယ်တို့ တက်ကြွပျော်ရွှင်စွာ လှုပ်ရှားသက်ဝင်နေသည်ကို ကြည်နူးစွာ ခံစားမိပါသည်။

ကျောင်းသားဘဝသည် အင်မတန် နှစ်လိုပျော်ရွှင်ဖွယ်ကောင်းသည့်ဘဝ၊ ကျောင်းသားဟူသည် မိုးဦးကျ စံပယ်ဖြူဖွေးဖွေးပန်းကလေးများနှယ် လွန်စွာသစ်လွင် ဖြူစင်ရှင်းသန့်သည့်ဘဝ၊ အနာဂတ်ဆီသို့ တက်ကြွ ထက်သန်သော ခြေလှမ်းသစ်များဖြင့် တိုးဝင်ကျော်ဖြတ်ရန် ဗလငါးတန် ဖြည့်ဆည်းပြင်ဆင်နေကြသည့်ဘဝ၊ အနှီကျောင်းသားဘဝကား အဟောဝတ ကောင်းလေစွ။

ကျောင်းသားဘဝ၏ ဖြူစင်နှစ်လိုဖွယ်များကို ခံစားမွေ့လျော်နေသော ကျွန်တော်သည် ဇွန်လ မိုးသည်းသည်းကြားဝယ် ကြားလိုက်ရသော ကျောင်းသားအမည်ခံ ဗာလာနံ ကြီးမိုက်တစ်စု၏ မအပ်မရာသတင်းတစ်ပုဒ်ကြောင့် အာရုံအကြည်ဓာတ် လုံးလုံးပျက်ပြယ် သွားခဲ့ရပါသည်။ ကျွန်တော် ကြည်နူးခံစားနေသည့် ဖြူစင်သစ်လွင်သော ကျောင်းသူ ကျောင်းသားလေးများနှင့် မည်သို့မျှ ဆက်စပ်၍မရနိုင်လောက်အောင် ညစ်နွမ်းဆိုးယုတ်မှု သရုပ်ဆောင်နေသည့်အမည်ခံကျောင်းသားများ။ ဟုတ်ကဲ့... တစ်နိုင်ငံလုံးရှိ ပြည်သူတစ်ရပ်လုံး အော့နှလုံးနာနေကြသည့် ၈၈မျိုးဆက် ကျောင်းသားဆိုသည့်သူများပင် ဖြစ်ပါသည်။

ကြည့်ပါဦး...။ ၈၈မျိုးဆက်ကျောင်းသားများအမည်ခံ လှုပ်ရှားနေသည့် မင်းကိုနိုင်၊ ကိုကိုကြီးနှင့်အဖွဲ့သည် ၄-၆-၂၀၀၇ ရက်နေ့က ရန်ကုန်မြို့ရှိ သက်ဆိုင်ရာသံရုံးများမှတစ်ဆင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ ဟူကျင်တောင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ ဗလာဒီမာပူတင်တို့ထံသို့ စာများပေးပို့ခဲ့ကြပါသတဲ့။ ၁၂-၁-၂၀၀၇ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ တရုတ်နှင့် ရုရှားတို့က မြန်မာ့အရေးကို ဗီတိုအာဏာသုံး၍ ပယ်ချခဲ့သည့်အတွက် စိတ်မကောင်းဖြစ်ရကြောင်း၊ ကုလသမဂ္ဂ ဘောင်အတွင်းမှ ဖြေရှင်းနိုင်မည့် နည်းလမ်းများဆုံးရှုံးစေခဲ့သည့်အပြင် မြန်မာစစ်အစိုးရအနေနှင့် နိုင်ငံတကာမိသားစုအား ဆန့်ကျင်ဖီဆန်စေသည့်သဘော သက်ရောက်ခဲ့ကြောင်း၊ ၎င်းအပြင် ဒီမိုကရေစီအရေးအတွက် ငြိမ်းချမ်းစွာ တောင်းဆိုလှုပ်ရှားသူများအပေါ် အကြမ်းဖက် တိုက်ခိုက်မှုများ၊ မတရားဖမ်းဆီးမှုများ ပိုမိုများပြားလာခဲ့ကြောင်း စသည်ဖြင့် အတော်လေးပင် ပလီပလာ ဇီဇာချဲ့ထားသည်ဆိုပါ၏။ ထို့အပြင် တရုတ်နှင့် ရုရှားနိုင်ငံတို့အနေဖြင့် မြန်မာနိုင်ငံ၏ တည်ငြိမ်မှုနှင့် ကြွယ်ဝချမ်းသာမှုကို အမှန်တကယ်ပင် တွေ့မြင်လိုသည်ဆိုပါက နိုင်ငံတကာမိသားစုနှင့် လက်တွဲဆောင်ရွက်ပါရန် တောင်းဆိုထားသည် ဆိုပါ၏။ "ရှာလွန်ရွက်တိုက်" ရုံမျှမက "ကိုယ့်တပ် ကိုယ်ပြန်နင်း"ဖို့ ကြိုးစားနေသော ထိုကြီးမိုက်တစ်စု၏ လုပ်ရပ်ကား စိတ်ပျက်စရာအတိ ရှက်ဖွယ်လိလိပါတကား။

ထို့မျှမက "မြန်မာနိုင်ငံ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးတွင် တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့က ကူညီရန် တောင်းဆိုကြောင်း"သတင်းထုတ်ပြန်ချက်ကိုလည်း သံရုံး၊ သံတမန်များသို့ ဖြန့်ဝေပေးပို့ခဲ့သည်ဟု ကြားသိရပြန်သောအခါ ကျွန်တော်၏ ခံပြင်းစိတ်ပျက်မှုကား ပြောဖွယ်မရှိတော့ပါ။ ဩော်-မိုက်လုံးကြီးကြပါဘိ။ အသိခေါက်ခက်အဝင်နက်ဆိုသကဲ့သို့ အသက်အရွယ်နှင့်မမျှအောင် ဉာဏ်တိမ်ကြပါပေ၏။ ကျောင်းသားအစစ်၊ ကျောင်းသား အသစ်လေးများကြောင့် ကြည်လင်နေသော ကျွန်တော်၏ စိတ်ရေအလျဉ်သည် ဤကျောင်းသားအတု၊ ကျောင်းသားအဟောင်းအမြင်းကြီးများကြောင့် နောက်ကျိညစ်ညမ်းခဲ့ရလေပြီ။

မဝေးလှသောအတိတ်ကိုပြန်ကြည့်လျှင် တိုင်းပြည်ပြိုကွဲပျက်စီးမည့် အခြေအနေကြောင့် ၁၉၈၈ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် တပ်မတော်က နိုင်ငံတော်အာဏာအရပ်ရပ်ကို တာဝန်ယူခဲ့ရပါသည်။ ထိုအချိန်မှစပြီး တိုင်းပြည်၏ယိုယွင်းပျက်စီးမှုများကို ထိန်းသိမ်းတည့်မတ်နိုင်ရန်အတွက် တရားဥပဒေ စိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ဦးစားပေးဆောင်ရွက်ခဲ့သည်။ ထို့နောက် နိုင်ငံရေးဦးတည်ချက်(၄)ရပ် ချမှတ်ပြီး နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို အဓိက အလေးပေး ဖော်ဆောင်လျက်ရှိသည်မှာ ကျွန်တော်တို့အားလုံး ကိုယ်တွေ့မျက်မြင်ပင် ဖြစ်ပါသည်။

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေးသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေး၊ ပြည်သူများ စိတ်အေးချမ်းသာစွာ လုပ်ငန်းဆောင်တာများဆောင်ရွက်နိုင်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် မရှိမဖြစ် လိုအပ်ချက်ပင်ဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံတော်တည်ငြိမ်မှု၊ ရပ်ရွာအေးချမ်းသာယာမှုနှင့် တရားဥပဒေစိုးမိုးမှုများပျက်ပြားအောင်၊ ဆူပူအကြမ်းဖက်မှုဖြစ်ပွားအောင် သွေးထိုးဖန်တီးလုပ်ဆောင်မှုများ လုပ်ဆောင်သူများကို တားဆီးခြင်း၊ စစ်ဆေးမေးမြန်းခြင်း၊ ထိန်းသိမ်းခြင်း၊ အရေးယူခြင်းများ ပြုလုပ်သွားရမည်သာဖြစ်ပါသည်။ ယင်းသည် နိုင်ငံတော် အစိုးရတစ်ရပ်အနေဖြင့် အခြားနိုင်ငံများနည်းတူ ပြည်သူ့ဘဝ လုံခြုံအေးချမ်းရေးအတွက် ကာကွယ်ပေးရစမြဲဖြစ်သည့် လုပ်ငန်းတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။ အကြမ်းဖက် အဖျက်အမှောင့်သမားများ၏ လက်ချက်ကြောင့် နိုင်ငံတော်နှင့် ပြည်သူအပေါ် ဘေးအန္တရာယ်မကျရောက်စေရန် ကြိုတင်ကာကွယ်တားဆီးရမည်မှာ အစိုးရတိုင်း၏ တာဝန်ပင်ဖြစ်သည်ဟု ကျွန်တော်တို့ ရိုးသားစွာ ခံယူပါသည်။

အမှန်စင်စစ် အဆိုပါ မင်းကိုနိုင်နှင့် ကိုကိုကြီးတို့အုပ်စုသည် ၈၈ ဆူပူအကြမ်းဖက်မှုကာလတွင် ကျောင်းသားအရေးနှင့် နိုင်ငံရေးကိစ္စကို ရောထွေးဖော်စပ်ခဲ့သဖြင့် လူသိများလာကြသူများဖြစ်သည်။ သို့သော် ကန့်လန့်ကာနောက်ကွယ်မှ အခြေအနေမှန်များကိုမူ လူသိနည်းခဲ့သည့်အတွက် အခွင့်ကြုံခိုက် အနည်းငယ် ရှင်းလိုပါသည်။ ၎င်းတို့သည် ၈၈ကာလတစ်ဝိုက်မှာကတည်းကပင် ဦးရဲထွန်းဆိုသူနှင့်ဆက်သွယ်မိပြီး အနောက်နိုင်ငံ သံရုံးအချို့ထံမှ ထောက်ပံ့ငွေများ ရယူခဲ့ကြသည့်အပြင် ဗကပကမွေးထားသည့် မိုးသီးဇွန်တို့နှင့်လည်း ပူးပေါင်း လှုပ်ရှားခဲ့ကြပါသည်။ ၎င်းတို့အားလုံးသည် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် (ဗကသ)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ(မကသ) ဆိုသည့် တရားမဝင်အဖွဲ့များဖွဲ့စည်းပြီး ၁၉၈၈ ဆူပူ အုံကြွအကြမ်းဖက်မှုကို ပိုမိုကူးစက်ပျံ့နှံ့အောင် သွေးထိုးလုပ်ဆောင်ခဲ့ကြသူများပင် ဖြစ်ပါသည်။

၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် တပ်မတော်က အခြေအနေ အရပ်ရပ်ကိုထိန်းသိမ်းပြီး နိုင်ငံတော်တာဝန်ကို ယူလိုက်သည့်အခါတွင် မင်းကိုနိုင်၊ ကိုကိုကြီးနှင့် မိုးသီးဇွန်တို့ ဦးဆောင်ဖွဲ့စည်းခဲ့သည့် ဗကသသည် နိုင်ငံတော်ကို ဆက်လက်ဆန့်ကျင်တိုက်ခိုက်ရန်အတွက် (၁) တစ်ဝက်တစ်ပျက် မြေအောက် ယူဂျီလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ရန်၊ (၂) တရားဝင်နိုင်ငံရေးပါတီဖွဲ့စည်းလှုပ်ရှားရန်နှင့် (၃) လက်နက်ကိုင် လမ်းစဉ်ဖြင့် ဆန့်ကျင်တိုက်ခိုက်ရန်ဆိုသည့် မဟာဗျူဟာ(၃)ရပ်ကို ချမှတ်လုပ်ဆောင်ခဲ့ကြပြန်ပါသည်။

၎င်းမဟာဗျူဟာအရ မြေအောက်မှ လက်နက်စွဲကိုင်တိုက်ခိုက်ရန်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦးဆိုသည့် ABSDFအကြမ်းဖက်သောင်းကျန်းသူအဖွဲ့ကို ဖွဲ့စည်းလှုပ်ရှားခဲ့သည်။ မြေပေါ်နိုင်ငံရေးပါတီအဖြစ်ဖွဲ့စည်း လှုပ်ရှားရန်အတွက် မိုးသီးဇွန် ဦးဆောင်သည့် လူ့ဘောင်သစ်ဒီမိုကရက်တစ် ပါတီကို ဖွဲ့စည်းလှုပ်ရှားခဲ့ပြီး ထိုမဟာဗျူဟာအရ မင်းကိုနိုင်၊ ကိုကိုကြီးနှင့်အောင်ဒင်တို့သည် ထိုစဉ်ကပင် တစ်ဝက်တစ်ပျက် မြေအောက်ယူဂျီလုပ်ငန်းများနှင့် ဆူပူအုံကြွမှုများ ထပ်မံဖြစ်ပွားအောင် စည်းရုံးလှုပ်ရှားခဲ့ကြခြင်း ဖြစ်ပါသည်။ အရင်းစစ်လျှင်အမြစ်မြေက ဆိုသကဲ့သို့ မင်းကိုနိုင်နှင့် ကိုကိုကြီးတို့ အုပ်စုသည် နိုင်ငံတော်နှင့် ပြည်သူကို ဆန့်ကျင်ရေးအခြေခံဖြင့် သန္ဓေတည်လှုပ်ရှားရင်း ပေါ်ပေါက်လာခဲ့သည့်အဖွဲ့ပင် ဖြစ်ပါသည်။

၁၉၈၉ ခုနှစ် မတ်လ ၁၆ရက်နေ့မှ ၂၁ ရက်နေ့အတွင်း မင်းကိုနိုင်၊ ကိုကိုကြီး၊အောင်ဒင်၊စစ်ကိုနိုင်နှင့် စိုးသိန်းတို့ အုပ်စုသည် ရန်ကုန်မြို့အတွင်းရှိ မြို့နယ် NLD ရုံးအချို့တွင် နိုင်ငံတော်နှင့် တပ်မတော်အပေါ် ဆန့်ကျင်ဟောပြောမှုများ ဆက်တိုက်ပြုလုပ်ခဲ့ကြပြီး လူစုလူဝေးနှင့် ဆူပူအုံကြွ အကြမ်းဖက်မှုများဖြစ်ပွားအောင် သွေးထိုး လှုံ့ဆော်ခဲ့ကြသည့်အတွက် သက်ဆိုင်ရာက ဥပဒေနှင့်အညီ ဖမ်းဆီး အရေးယူခဲ့ရပါသည်။ တစ်ဖက်မှ မိုးသီးဇွန် ဦးဆောင်သည့် လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီကလည်း တရားဝင် နိုင်ငံရေးပါတီ အမည်ခံခဲ့သော်ငြား ၎င်းတို့၏ မူလမဟာဗျူဟာအတိုင်း သောင်းကျန်းသူ အဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်မှု၊ ဗကပ ယူဂျီများနှင့် ပူးပေါင်းလှုပ်ရှားမှုများ ပြုလုပ်ခဲ့ကြခြင်းကြောင့် ၆-၁၂-၁၉၉၁ရက်နေ့တွင် တရားဝင် နိုင်ငံရေးပါတီအဖြစ်မှ ပယ်ဖျက်ခြင်းခံခဲ့ရပါသည်။

မင်းကိုနိုင်တို့နှင့်အ[...]
မှာမူ ၇-၇-၁၉၉၃ ရက်[...]
လွတ်မြောက်လာပြီး ယခု[...]
ဖွဲ့စည်းထားသည့် USC[...]
လုပ်ပြီး နိုင်ငံတော်ကို ဆ[...]
အလားတူပင် မင်းကိုနိုင်[...]
ဗကသတွင် လုပ်ဖော်ကိုင်[...]
များနှင့်ပေါင်းပြီး တစ်[...]
ကူညီစောင့်ရှောက်ရေးအ[...]
ရှိသည်မှာ အားလုံးအသိ[...]
၎င်းတို့နှင့် တစ်ဂ[...]
မြန်မာနိုင်ငံလုံးဆိုင်ရာ [...]
[ABSDF] အဖွဲ့သည်လ[...]
တည်ငြိမ်ရေးကို အနှောင့်[...]
နိုင်ငံတော်က ၂၈-၈-၂[...]
ကြေညာခဲ့ပြီးဖြစ်သည်မှာ[...]
ကျွန်တော်တင်ပြခဲ့[...]
ပါက ၁၉၈၈ အရေးအခင်[...]
ကူးစက်ပြန့်ပွားအောင် လ[...]
လှုံ့ဆော်ခဲ့သည့် မိုးသီးဇွ[...]
ကိုကိုကြီး၊ ဌေးကြွယ်၊ မ[...]
များသည် အကြမ်းဖက်သေ[...]
ဆန့်ကျင်ဘက် ပြည်ပြေးအ[...]
တစ်ပျက် ယူဂျီအမာခံ[...]
ပြည်ပတွင် ဖြန့်ခွဲလှုပ်ရှ[...]
အန္တရာယ် ကျရောက်အေ[...]
နေကြခြင်း ဖြစ်ကြောင်း[...]
မင်းကိုနိုင်နှင့် ကိုကိ[...]
လွတ်မြောက်ခဲ့ကြပြီး အ[...]
ဌေးကြွယ်၊ ပြုံးချို၊ မင်း[...]
လွေ့လွေ့ [...]င်းဖက်[...]
ကျောင်းသားအဖွဲ့ဟု အ[...]
မင်းကိုနိုင်တို့အဖွဲ့သည် [...]
ကစား အသက် ၄၀ ကေ[...]
ဖြူစင်သန့်ရှင်းပြီး တိုင်[...]
ကျောင်းသားဆိုသည့် ဂုဏ[...]
သည်။ အမှန်တကယ်အ[...]
တိုင်းပြည်နှင့် လူမျိုးအပေ[...]
လို သစ္စာဖောက်များသာ[...]
သည် တစ်ချိန်တစ်ခါက[...]
သူများချည်းသာဖြစ်ပါသ[...]
နှင့် ပို့ချပ်တက်ကြွမှုကို[...]
ဖြစ်ပါသည်။ ယနေ့ မင်းက[...]
များဟု အမည်ခံနေခြင်း[...]
အလုပ်ကိုလုပ်ပြီး တစ်[...]
ကျောင်းသားများကို ခုတ[...]
ဖြစ်ပါသည်။ ထိုကဲ့သို့ [...]
ကိစ္စ၊ ပညာရေးကို ထိခ[...]
ငတေမာရင်ပြီးရော လုပ်[...]
အဝင် မည်သည့်ကျောင်[...]
မဟုတ်ပါ။
မင်းကိုနိုင်တို့အဖွဲ့[...]
စေရန်နှင့် အဆက်အသွ[...]
ရန်အတွက် ပြည်ပ အသံ[...]
အနောက်နိုင်ငံသံရုံးအချို[...]
ဘက် မြေအောက်အဖွဲ့[...]
ဗကသကဲ့သို့ ကျောင်း[...]
လှုပ်ရှားဆောင်ရွက်နေသ[...]
အနေအထားပင်ဖြစ်ပါသ[...]
သံရုံးမှ တစ်ဆင့် ကုလသ[...]
အတွင်းရေးမှူးချုပ်ကိုယ်[...]
လည်းကောင်း တိုက်ရိုက်[...]
အကြောင်းကြားစာ ရေး[...]
လုပ်ဆောင်ခဲ့သည့် လုပ်[...]
ဖြစ်ပါသည်။
မင်းကိုနိုင်တို့အဖွဲ့[...]
ကောင်းအောင် နိုင်ငံရေးလ[...]

နိုင်ငံတော်တည်ငြိမ်မှု၊ ရပ်ရွာအေးချမ်းသာယာမှုနှင့် တရားဥပဒေစိုးမိုးမှုများပျက်ပြားအောင်၊ ဆူပူအကြမ်းဖက်မှု ဖြစ်ပွားအောင် သွေးထိုးဖန်တီးလုပ်ဆောင်မှုများ လုပ်ဆောင်သူများကို တားဆီးခြင်း၊ စစ်ဆေးမေးမြန်းခြင်း၊ ထိန်းသိမ်းခြင်း၊ အရေးယူခြင်းများ ပြုလုပ်သွားရမည်သာဖြစ်ပါသည်။ ယင်းသည် နိုင်ငံတော်အစိုးရတစ်ရပ်အနေဖြင့် အခြားနိုင်ငံများနည်းတူ ပြည်သူ့ဘဝ လုံခြုံအေးချမ်းရေးအတွက် ကာကွယ်ပေးရစမြဲဖြစ်သည့် လုပ်ငန်းတာဝန်ကိုကျေပွန်အောင် ဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။ အကြမ်းဖက် အဖျက်အမှောင့်သမားများ၏ လက်ချက်ကြောင့် နိုင်ငံတော်နှင့် ပြည်သူအပေါ် ဘေးအန္တရာယ်မကျရောက်စေရန် ကြိုတင်ကာကွယ်တားဆီးရမည်မှာ အစိုးရတိုင်း၏ တာဝန်ပင်ဖြစ်သည်ဟု ကျွန်တော်တို့ ရိုးသားစွာ ခံယူပါသည်။

်များသို့ ကိုကဲ

မင်းကိုနိုင်တို့နှင့်အတူ ဗကသတွင် ပူးတွဲလှုပ်ရှားခဲ့သူ အောင်ဒင်မှာမူ ၇-၇-၁၉၉၃ ရက်နေ့က ပြစ်ဒဏ် ကျခံနေရာမှ ပြန်လည်လွတ်မြောက်လာပြီး ယခုအခါ အမေရိကန်ရောက် ပြည်ပြေးများနှင့် ဖွဲ့စည်းထားသည့် US Campaign for Burmaတွင် ဒါရိုက်တာလုပ်ပြီး နိုင်ငံတော်ကို ဆက်လက်ဆန့်ကျင်တိုက်ခိုက်လျက်ရှိပါသည်။ အလားတူပင် မင်းကိုနိုင်၊ ကိုကိုကြီးတို့နှင့် ၁၉၈၈-၈၉ ကာလက ဗကသတွင် လုပ်ဖော်ကိုင်ဖက်ဖြစ်ခဲ့သည့် ဘိုကြည်သည် ပြည်ပြေးများနှင့်ပေါင်းပြီး တစ်ဖက်နိုင်ငံ၌ နိုင်ငံရေး အကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း [AAPP]ကို ဖွဲ့စည်းလှုပ်ရှားလျက်ရှိသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။

၎င်းတို့နှင့် တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ဖြစ်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး [ABSDF] အဖွဲ့သည်လည်း တရားဥပဒေစိုးမိုးရေးနှင့် နိုင်ငံတော်တည်ငြိမ်ရေးကို အနှောင့်အယှက် အန္တရာယ်ပြုလျက်ရှိသည့်အတွက် နိုင်ငံတော်က ၂၈-၈-၂၀၀၅ရက်နေ့တွင် မတရားအသင်းအဖြစ် ကြေညာခဲ့ပြီးဖြစ်သည်မှာ အထင်အရှား ဖြစ်ပါသည်။

ကျွန်တော်တင်ပြခဲ့သည့် ဖြစ်စဉ်များကို ဆက်စပ်သုံးသပ်ကြည့်ပါက ၁၉၈၈ အရေးအခင်းကာလတွင် ဆူပူအုံကြွအကြမ်းဖက်မှုများ ကူးစက်ပြန့်ပွားအောင် လက်ဝဲလက်ယာ ပယောဂများနှင့် သွေးထိုးလှုံ့ဆော်ခဲ့သည့် မိုးသီးဇွန်၊ အောင်ဒင်၊ ဘိုကြည်၊ မင်းကိုနိုင်၊ ကိုကိုကြီး၊ ဌေးကြွယ်၊ မင်းဇေယျ စသည့် ဗကသအဖွဲ့ဝင်ဟောင်းများသည် အကြမ်းဖက်သောင်းကျန်းသူများအဖြစ်နှင့်လည်းကောင်း၊ ဆန့်ကျင်ဘက် ပြည်ပြေးအဖွဲ့များအဖြစ်နှင့် လည်းကောင်း၊ တစ်ဝက်တစ်ပျက် ယူဂျီအမာခံများအဖြစ်နှင့်လည်းကောင်း ပြည်တွင်းပြည်ပတွင် ဖြန့်ခွဲလှုပ်ရှားပြီး နိုင်ငံနှင့် ပြည်သူအားလုံး ဘေးအန္တရာယ် ကျရောက်အောင် ဟန်ချက်ညီ ချိန်ကိုက်လုပ်ဆောင်နေကြခြင်း ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစွာ သိရှိနိုင်ပါသည်။

မင်းကိုနိုင်နှင့် ကိုကိုကြီးတို့သည် ၂၀၀၅ ခုနှစ်တွင် ပြစ်ဒဏ်မှ လွတ်မြောက်ခဲ့ကြပြီး အလားတူ ပြစ်ဒဏ်မှ လွတ်မြောက်ခဲ့သည့် ဌေးကြွယ်၊ ပြုံးချို၊ မင်းဇေယျတို့နှင့် သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့ကာ သူတို့ကိုယ်သူတို့ ၈၈မျိုးဆက်ကျောင်းသားအဖွဲ့ဟု အမည်ခံခဲ့ကြခြင်းဖြစ်ပါသည်။ စင်စစ်တွင် မင်းကိုနိုင်တို့အဖွဲ့သည် ကျောင်းသားအဖြစ် အမည်ခံထားလင့်ကစား အသက် ၄၀ ကျော် ၅၀ ပိုင်းအရွယ်များ ဖြစ်ကြပါသည်။ ဖြူစင်သန့်ရှင်းပြီး တိုင်းပြည်နှင့် လူမျိုးအပေါ် သစ္စာရှိကြသော ကျောင်းသားဆိုသည့် ဂုဏ်ပုဒ်နှင့် လုံးဝ မထိုက်တန်ကြသူများဖြစ်ပါသည်။ အမှန်တကယ်အားဖြင့် ပြည်ပ တပည့်ခံ အသုံးချခံကာ တိုင်းပြည်နှင့် လူမျိုးအပေါ် သစ္စာဖောက်နေကြသည့် မောင်ဘသန်းလို သစ္စာဖောက်များသာ ဖြစ်ကြပါသည်။ ထို့ပြင် လူတိုင်းလိုလိုသည် တစ်ချိန်တစ်ခါက ကျောင်းသားဘဝကို ဖြတ်သန်းခဲ့ကြဖူးသူများချည်းသာဖြစ်ပါသည်။ ကျောင်းသားဘဝ၏ ဖြူစင်အေးချမ်းမှုနှင့် ပျိုမျစ်တက်ကြွမှုကိုလည်း လူတိုင်းက စွဲလမ်း တသနေဆဲပင်ဖြစ်ပါသည်။ ယနေ့ မင်းကိုနိုင်တို့အုပ်စုက ၈၈ မျိုးဆက်ကျောင်းသားများဟု အမည်ခံနေခြင်းသည် တစ်ဖက်က တိုင်းပြည်သစ္စာဖောက်အလုပ်ကိုလုပ်ပြီး တစ်ဖက်က ရိုးသားဖြူစင်သည့် ကျောင်းသူကျောင်းသားများကို ခုတုံးလုပ် အသုံးချရန် ကြိုးပမ်းနေခြင်းသာဖြစ်ပါသည်။ ထိုကဲ့သို့ မကြံစည်အပ်၊ မလုပ်ဆောင်အပ်သည့်ကိစ္စ၊ ပညာရေးကို ထိခိုက်စေနိုင်သည့် ကိစ္စ၊ ဘယ်သူသေသေ ငတေမာရင်ပြီးရော လုပ်ရဲ လုပ်ရက်သည့်ကိစ္စကို ကျွန်တော်အပါအဝင် မည်သည့်ကျောင်းသားမိဘကမျှ မျက်နှာလွှဲ နေနိုင်မည်မဟုတ်ပါ။

မင်းကိုနိုင်တို့အဖွဲ့သည် ပြည်တွင်းပြည်ပမှ အာရုံစိုက်လာစေရန်နှင့် အဆက်အသွယ်ဟောင်းများနှင့် ပြန်လည်ချိတ်ဆက်မိရန်အတွက် ပြည်ပ အသံလွှင့်ဌာနများနှင့် ဆက်သွယ်ပြောဆိုခြင်း၊ အနောက်နိုင်ငံသံရုံးအချို့နှင့် ဝင်ထွက်ဆက်သွယ်ခြင်း၊ ဆန့်ကျင်ဘက် မြေအောက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ခြင်း၊ ယခင်ဗကသကဲ့သို့ ကျောင်းသားသမဂ္ဂဖွဲ့စည်းရန် ကြိုးပမ်းခြင်းများ လှုပ်ရှားဆောင်ရွက်နေသည်မှာ မကြည့်ချင် မြင်လျက်သားဟူသည့် အနေအထားပင်ဖြစ်ပါသည်။ ၁၂-၁-၂၀၀၆ရက်နေ့တွင် အမေရိကန်သံရုံးမှ တစ်ဆင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံသို့ မြန်မာ့အရေးကို အတွင်းရေးမှူးချုပ်ကိုယ်တိုင်ကလည်းကောင်း၊ လုံခြုံရေးကောင်စီကလည်းကောင်း တိုက်ရိုက်ကိုင်တွယ် ဖြေရှင်းပေးပါရန် တိုက်တွန်းအကြောင်းကြားစာ ရေးသားပေးပို့ခဲ့သည်အထိ လက်ရဲဇက်ရဲနှင့် လုပ်ဆောင်ခဲ့သည့် လုပ်ရပ်ကိုလည်း ကျွန်တော်တို့ အမှတ်ရနေဆဲဖြစ်ပါသည်။

မင်းကိုနိုင်တို့အဖွဲ့သည် တစ်ဖက်မှ စားကောင်း သောက်ကောင်းအောင် နိုင်ငံရေးလှုပ်ရှားမှုများ လုပ်ပြနေပြီး တစ်ဖက်မှလည်း ပြည်ပအထောက်အပံ့များဖြင့် လူတစ်လုံး သူတစ်လုံး ရပ်တည်နေကြသူများ ဖြစ်ပါသည်။ AAPPမှ ဘိုကြည်သည် ပြည်ပနိုင်ငံများရှိ ကျောင်းသားဟောင်းများနှင့် NGOများထံမှ အလှူငွေများ ကောက်ခံကာ မင်းကိုနိုင်တို့အဖွဲ့ကို နိုင်ငံခြားသံရုံးတစ်ခုမှ တစ်ဆင့် ထောက်ပံ့လျက်ရှိကြောင်း၊ ၂၀၀၆ ဧပြီလ ဒုတိယပတ်အတွင်းက ငွေကျပ် သိန်း ၂၅၀ ပေးပို့ခဲ့ကြောင်း၊ ၎င်းငွေနှင့် အဖွဲ့ဝင်အားလုံး လက်ကိုင်ဖုန်း ဝယ်ယူသုံးစွဲ နိုင်ရေးနှင့် အဖွဲ့ပိုင်ကား ဝယ်ယူထားနိုင်ရေးအတွက် ဆက်လက်ပေးပို့ ထောက်ပံ့သွားမည်ဖြစ်ကြောင်း ကြားသိခဲ့ရပါသည်။ ထို့ပြင် မင်းကိုနိုင်တို့အဖွဲ့သည် အကျဉ်းထောင် အသီးသီးမှ နိုင်ငံရေးအကျဉ်းသားဆိုသူများကို ကူညီပံ့ပိုးရန် အလှူငွေများစုဆောင်းလျက်ရှိကြောင်း၊ ၁၄-၈-၂၀၀၆ရက်နေ့တွင် အမေရိကန်နိုင်ငံရှိ NGOအဖွဲ့တစ်ခုက ဌေးကြွယ်အား အမေရိကန်သံရုံးမှ တစ်ဆင့် ဒေါ်လာ ၃၀၀၀၀ပေးအပ်ခဲ့ကြောင်း၊ အမေရိကန်ရောက် မကသဟောင်းများနှင့် NLDအဖွဲ့ဝင် ခင်ဥမ္မာတို့ကလည်း မင်းဇေယျထံသို့ ငွေကျပ် ၂၅သိန်းပေးပို့ခဲ့ကြောင်း စသည်ဖြင့် နားမဆံ့လောက်အောင် သတင်းများ ပလူပျံနေပါသည်။

၎င်းအပြင် ၈၈မျိုးဆက်ကျောင်းသားအဖွဲ့ဝင် နေတင်မြင့်သည် ပြီးခဲ့သည့်လအတွင်းက မဲဆောက်သို့ တရားမဝင်ထွက်ခွာသွားခဲ့ပြန်ပါသည်။ နေတင်မြင့်သည် ပြည်ပရောက် မိုးသီးဇွန်၊ အောင်ဒင်၊ ဘိုကြည်တို့နှင့် လိုက်လံတွေ့ဆုံပြီး ၈၈မျိုးဆက်ကျောင်းသားများ၏ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးရန်ရှိကြောင်း၊ ပြည်ပနိုင်ငံနှင့် နယ်စပ်တို့တွင် ၈၈မျိုးဆက်ကျောင်းသားများ၏ ပြည်ပရောက် လွတ်မြောက်နယ်မြေအဖွဲ့ကို ဖွဲ့စည်းရန် စီစဉ်လျက်ရှိကြောင်း သတင်းများက သိုးရေခြုံထားသည့် ဝံပုလွေများ၏ ဇာတ်ရုပ်ကို ပို၍ပီပြင်စေပါသည်။

ကြားရသည့် အထက်ပါသတင်းများကို ခြုံကြည့်ပါက ၈၈မျိုးဆက် ကျောင်းသားအမည်ခံ မင်းကိုနိုင်၊ ကိုကိုကြီးတို့အဖွဲ့သည် အနောက်နိုင်ငံ သံရုံးကြီးများ၏ ကူညီပံ့ပိုးမှုကို ရယူနေသကဲ့သို့ ပြည်ပြေး ဗကသဟောင်းများ၊ မကသဟောင်းများနှင့် အချိတ်အဆက်ရှိပြီး ၎င်းတို့ကို ကျောထောက်နောက်ခံပြုလျက် ပြည်တွင်း၌ လှုပ်ရှားဆောင်ရွက်နေခြင်းဖြစ်ကြောင်း လယ်ပြင်မှာ ဆင်သွားသကဲ့သို့ ထင်ရှားနေပြီဖြစ်ပါသည်။ ပြည်ပက ကျွေးစာမွေးစာကို စား၍ ပြည်ပက ကြိုးဆွဲသည့်အတိုင်းကပြီး အနောက်ဒီမိုကရေစီကို ပုံတူကူးချလျက် သူတို့အုပ်စုအာဏာရရှိအောင် လုပ်ဆောင်နေကြသည့် လုပ်ရပ်များကို ကျွန်တော်အပါအဝင် မျိုးချစ်ပြည်သူတိုင်းက လက်ပိုက်ကြည့်နေနိုင်မည် မဟုတ်ကြောင်း သတိပေးလိုပါသည်။

ယနေ့ သူတို့စတန့်ထွင်နေသည့် Signature Campaign, White Expression Campaign, Letter Campaign မှသည် ယခုနောက်ဆုံး အဖြူရောင် တနင်္ဂနွေလှုပ်ရှားမှု [White Sunday Campaign]စသည်များအထိ ဘယ်သူ့အတွက် ဘယ်လိုရည်ရွယ်ပြီး ဘာလုပ်နေကြသည်ဆိုသည်ကို လူတိုင်း သဘောပေါက်နေကြပြီ ဖြစ်ပါသည်။ ဤကဲ့သို့ ပြည်ပနိုင်ငံများ၏ ထမင်းစားကျွန်ခံဘဝ၊ လက်ညှိုးထောင်ခေါင်းညိတ်ဘဝဖြင့် နိုင်ငံနှင့် ပြည်သူတို့၏အကျိုးစီးပွားကို ပျက်စီးရာပျက်စီးကြောင်း အစဉ်တစိုက် ကြိုးပမ်းလုပ်ဆောင်လာခဲ့ကြသည့် သူတို့အုပ်စုက တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ခေါင်းဆောင်များထံ ပေးစာရေးခြင်းသည် ကျွန်တော်တို့နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ ဂုဏ်သိက္ခာကို နင်းချေဖျက်ဆီးပြီး အမျိုးသားရေး သစ္စာဖောက်များအဖြစ် အတိအလင်း ကြေညာ၍ ခံယူလိုက်ခြင်းဖြစ်သည်ကို အရှယ်ရောက်ပြီး ဦးနှောက်ငယ်သည့် သူတို့အုပ်စု သိဟန်မတူပါ။ အမှန်စင်စစ် သခင်အားရ ကျွန်ပါးဝအောင် အလိုလိုက်အကြိုက်ဆောင် ရေးသားခဲ့သည့် ဤပေးစာတစ်စောင်က သူတို့အား အထင်ကရ အမျိုးသားရေးသစ္စာဖောက်များ အဖြစ် သမိုင်းမှတ်တမ်းဝင်စေခဲ့ပြီ ဖြစ်ပါသည်။

နိုင်ငံတော်၏သားကောင်းသမီးကောင်းများပီပီ နိုင်ငံတော်အား ထိပါး ပုတ်ခတ်လာသည်ကိုပင် ကာကွယ်ရမည့်အစား မိမိနိုင်ငံတော်ကို ပြန်လည် ပုတ်ခတ်သိက္ခာကျစေရန် ဆောင်ရွက်နိုင်ရေးအတွက် တစ်ပါးနိုင်ငံ၊ တစ်ပါးသောအဖွဲ့အစည်းများသို့ အောက်ကျို့ ခယနေရခြင်းသည် မှုမမှန်သော ရည်ရွယ်ချက်များကြောင့်သာ ဖြစ်သည်ကို ကျွန်တော်တို့ ပြည်သူတစ်ရပ်လုံးက နားလည်သဘော ပေါက်နေကြပြီ ဖြစ်ပါသည်။ ဤသို့ အမေကျော်ဒွေးတော်လွမ်းသည့် သစ္စာဖောက်လုပ်ရပ်မှာ ယခု မင်းကိုနိုင်တို့အဖွဲ့ အားကိုးတကြီးဖြင့် ထီးရိပ်ခိုနေသည့် NLD ပါတီခေါင်းဆောင်များ၏ လုပ်နည်း လုပ်ဟန်ပင် ဖြစ်သည်ကိုလည်း မဝေးသောအတိတ်၌ အထင်အရှား ပင် တွေ့မြင်နိုင်ပါသည်။

၁၉၈၈-၈၉ခုနှစ် ဝန်းကျင်က NLD ပါတီ၏ ဥက္ကဋ္ဌ ဦးတင်ဦးသည် အမေရိကန်သမ္မတ၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး၊ အိန္ဒိယဝန်ကြီးချုပ်၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီး၊ ဂျပန်နိုင်ငံခြားရေးဝန်ကြီး၊ ဂျပန်ဆိုရှယ်လစ်ပါတီဥက္ကဋ္ဌ၊ ပါကစ္စတန်ဝန်ကြီးချုပ်စသည့် ပြည်ပခေါင်းဆောင်များထံသို့ လည်းကောင်း၊ ဗြိတိန်နိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၊ ဆွစ်ဇာလန်ရှိ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးအဖွဲ့များသို့ လည်းကောင်း ရွှေပေလွှာများ

မည်သို့ဆိုစေ NLDသည်လည်းကောင်း၊ ဒေါ်စုကြည်သည်လည်းကောင်း၊ ဦးတင်ဦးသည်လည်းကောင်း အာဏာတည်းဟူသော မက်လုံးတစ်ခုကြောင့် ကိုယ့်တပ်ကိုယ်ပြန်နင်းပြီး တိုင်းပြည်နှင့်လူမျိုးအပေါ် သစ္စာဖောက်ခဲ့ကြပါသည်။ NLD ၏ နောက်လိုက်ဖြစ်သော ၈၈မျိုးဆက် ကျောင်းသားအဖွဲ့ကလည်း ဒီပုတ်ထဲကဒီပဲ ပီသစွာ သမိုင်းဝင်မည့် ပေးစာများ ရေးပြီး အမျိုးသားရေးကို တရားဝင်သစ္စာဖောက်ခဲ့ကြပြန်ပါပြီ။ တိုင်းပြည်နှင့် လူမျိုးအပေါ် သစ္စာဖောက်သူများသည် တိုင်းပြည်နှင့်လူမျိုး၏ ဒဏ်ခတ်ခြင်းကို မလွဲမသွေ ခံယူရမည်သာဖြစ်ပါသည်။ တစ်ဖက်ကလည်း ဥပဒေအရ အရေးယူခြင်းကိုလည်း ခံရမည်သာ ဖြစ်ပါသည်။

ရေးသားဆက်သွင်းခဲ့ဖူးသည်ကို ကျွန်တော် ကောင်းစွာမှတ်မိနေပါသေးသည်။ ထိုစာများတွင် မြန်မာနိုင်ငံစစ်အစိုးရအနေဖြင့် ဒီမိုကရေစီလိုလားသည့် အင်အားစုများအပေါ် ရက်စက်ကြမ်းကြုတ်စွာ ဖိနှိပ်မှုများပြုလုပ်နေကြောင်း၊ မြန်မာအစိုးရမှ ပစ္စည်းများကုန်သွယ်ရောင်းချရန် ကမ်းလှမ်းလာလျှင် လက်မခံဘဲ ပယ်ချပေးစေလိုကြောင်း၊ နယ်စပ်ဒေသသို့ ရောက်ရှိနေသော မြန်မာကျောင်းသားများကို မြန်မာနိုင်ငံအတွင်းသို့ ပြန်ပို့ရန် စီစဉ်နေခြင်းကိုလည်း ဟန့်တားပေးစေလိုကြောင်း စသည်ဖြင့် နိုင်ငံနှင့်လူမျိုးအပေါ် ကောင်းကောင်းကြီး သစ္စာမဲ့စွာ တောင်းဆိုရေးသားမှုများ ပြုလုပ်ခဲ့သည်ကို ပြန်လည်အမှတ်ရစေလိုပါသည်။

အလားတူပင် NLDအထွေထွေအတွင်းရေးမှူး ဒေါ်စုကြည်ကလည်း လန်ဒန်ရှိ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့သို့လည်းကောင်း၊ နယူးယောက်မြို့ရှိ UNDP အုပ်ချုပ်ရေးမှူးထံသို့လည်းကောင်း၊ မြန်မာနိုင်ငံရှိ ပြည်ပသံအမတ်များထံသို့လည်းကောင်း ပေးစာများ ရေးသားကာ နိုင်ငံနှင့်ပြည်သူ၏ဂုဏ်သိက္ခာကို မဆင်မခြင် နင်းချေစော်ကားခဲ့ဖူးပါသည်။ ပေးစာများဖြင့် ကိုယ့်နိုင်ငံနှင့် ကိုယ့်လူမျိုးကို သားပုပ်လေလွင့်အမျိုးမျိုး စွပ်စွဲသိက္ခာချနေခြင်းသည် မိမိတို့၏အာဏာရလိုမှုလိုဘ တစ်ခုတည်းကိုသာကြည့်၍ နိုင်ငံတော်ကို ချောက်ကမ်းပါးအတွင်း ဆွဲချနေခြင်းဖြစ်ကြောင်း ကာယကံရှင် ကြီးမိုက်ကြီးများ နားလည်သင့်လှပါသည်။ ကျွန်တော်တို့ သာမန်ပြည်သူများပင် ဤကဲ့သို့ သေးသိမ်ညံ့ဖျင်းသော အတွေးမျိုး ယောင်လို့မျှ မတွေးမိပါပဲလျက် သူတို့က ဘယ်အတွက်ကြောင့် တွေးရဲရေးရဲသည်ကိုလည်းကောင်း၊ တွေးရက် ရေးရက်သည်ကိုလည်းကောင်း ကျွန်တော် နားမလည်နိုင်ပါ။

မည်သို့ဆိုစေ NLD သည်လည်းကောင်း၊ ဒေါ်စုကြည်သည် လည်းကောင်း၊ ဦးတင်ဦးသည်လည်းကောင်း အာဏာတည်းဟူသောမက်လုံးတစ်ခုကြောင့် ကိုယ့်တပ်ကိုယ်ပြန်နင်းပြီး တိုင်းပြည်နှင့် လူမျိုးအပေါ် သစ္စာဖောက်ခဲ့ကြပါသည်။ NLD ၏ နောက်လိုက်ဖြစ်သော ၈၈မျိုးဆက် ကျောင်းသားအဖွဲ့ကလည်း ဒီပုတ်ထဲက ဒီပဲ ပီသစွာ သမိုင်းဝင်မည့် ပေးစာများရေးပြီး အမျိုးသားရေးကို တရားဝင်သစ္စာဖောက်ခဲ့ကြပြန်ပါပြီ။ တိုင်းပြည်နှင့် လူမျိုးအပေါ် သစ္စာဖောက်သူများသည် တိုင်းပြည်နှင့် လူမျိုး၏ ဒဏ်ခတ်ခြင်းကို မလွဲမသွေ ခံယူရမည်သာဖြစ်ပါသည်။ တစ်ဖက်ကလည်း ဥပဒေအရ အရေးယူခြင်းကိုလည်း ခံရမည်သာဖြစ်ပါသည်။

ကျောင်းသားအမည်ခံ ဗာလာနံကြီးမိုက် ၈၈မျိုးဆက် ကျောင်းသားများအဖွဲ့အနေဖြင့် ဆန့်ကျင်ဘက် ပြည်တွင်းပြည်ပ အင်အားစုများ၊ ပြည်ပမီဒီယာများနှင့်ချိတ်ဆက်ပြီး ကောလာဟလများ ထုတ်လွှင့်ခြင်း၊ လုပ်ကြံဖန်တီးထားသည့် သတင်းများထုတ်ပြန်ခြင်း၊ လူထုအကြည်ညိုပျက်စေမည့် စွပ်စွဲပုတ်ခတ်မှုများပြုလုပ်၍ ဝါဒဖြန့်ချိခြင်းများကို ပြုလုပ်နေပြီး အခြားတစ်ဖက်မှလည်း အကြမ်းဖက်အဖျက်လုပ်ရပ်များ၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေမည့် လူထုဆူပူအုံကြွ လှုပ်ရှားမှုများဖြစ်ပေါ်လာစေရန် စွမ်းစွမ်းတမံ ကြိုးပမ်းနေမှုများကို ရပ်တန်းက ရပ်သင့်ပြီဟု ကျွန်တော်သတိပေးလိုပါသည်။ သို့မဟုတ်ပါက ပြည်သူ၏မေတ္တာစူး၍ ပြည်သူ၏ဒဏ်ခတ်ခြင်းကို မရှုမလှခံယူရမည့် အချိန်သည် မဝေးတော့ပြီဖြစ်ကြောင်း စေတနာကောင်းဖြင့် အသိပေးလိုက်ပါသည်။ ဥပဒေအရအရေးယူခံရခြင်းထက် မိဘပြည်သူလူထု၏ မေတ္တာစူးရောက်ဒဏ်ခတ်ခံရခြင်းက အဆပေါင်းများစွာ ပို၍ပြင်းထန်ပြီး နာမည်ရော၊ လူရော၊ ဘဝရော လုံးလုံးပျက်သုဉ်း ကွယ်ပျောက်သွားနိုင်သည်ဟု ကျွန်တော်ယုံကြည်မိပါသည်။ ကျောင်းသားအမည်ခံ ဗာလာနံ ကြီးမိုက်ကြီးများလည်း လက်ခံယုံကြည်ကြစေချင်ပါသည်။ ။

လွတ်လပ်စွာကုန်သွယ်ရေး သဘောတူစာချုပ် ကနေဒါနှင့်ဥရောပလေးနိုင်ငံတို့ လက်မှတ်ရေးထိုး

အော့တဝါ ဇွန် ၉

ကိုးနှစ်ကြာမျှ အပြန်အလှန်တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် ဥရောပလေးနိုင်ငံနှင့်အတူ လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူစာချုပ်တစ်ရပ်ကို ကနေဒါနိုင်ငံက လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း ကနေဒါနိုင်ငံ၏ နိုင်ငံတကာကုန်သွယ်ရေး ဝန်ကြီး ဒေးဗစ်အီမာဆင်က ဇွန် ၇ရက်၌ ပြောကြားသည်။

လွတ်လပ်စွာကုန်သွယ်ရေး စာချုပ်ချုပ်ဆိုခဲ့ကြသည့် နိုင်ငံများမှာ အိုက်စလန်၊ လီချင်စတိန်း၊ နော်ဝေနှင့် ဆွစ်ဇာလန်နိုင်ငံတို့ဖြစ်ကြပြီး အဆိုပါလေးနိုင်ငံသည် ခြောက်နှစ်တာကာလအတွင်း ကနေဒါနိုင်ငံ၏ ပထမဆုံး စာချုပ်ချုပ်ဆိုသော နိုင်ငံများဖြစ်ကြသည်။

စာချုပ်ချုပ်ဆို

ယခု လွတ်လပ်စွာ ကုန်သွယ်ရေး စာချုပ်ချုပ်ဆိုခဲ့သည့် နိုင်ငံ လေးနိုင်ငံနှင့်ကနေဒါနိုင်ငံတို့အကြား အပြန်အလှန် ကုန်သွယ်ရေးသည်အမေရိကန်ဒေါ်လာ ၁၀ဘီလီယံ ခန့်ရှိကြောင်း သိရသည်။

ထို့အပြင် ကနေဒါနိုင်ငံသည် တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံကဲ့သို့သောနိုင်ငံများနှင့်လည်း ကုန်သွယ်မှုများ ပြုလုပ်လျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ထိုင်းတောင်ပိုင်း၌ လမ်းဘေးဗုံးပေါက်ကွဲ

ဗန်ကောက် ဇွန် ၉

ထိုင်းနိုင်ငံတောင်ပိုင်းတွင် ဇွန် ၈ရက်က လမ်းဘေးဗုံးပေါက်ကွဲမှု တစ်ရပ်ဖြစ်ပွားခဲ့ကြောင်း ထိုင်းအသံလွှင့်ဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါဖြစ်ရပ်မှာ ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ်ပြည်နယ်၏ အဓိကလမ်းမကြီးတစ်လျှောက် ထိုင်းတပ်ဖွဲ့ဝင်များ လုံခြုံရေးဆောင်ရွက်နေစဉ် ဗုံးပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။ **(အောက်ပုံ)**

ယခု ပေါက်ကွဲခဲ့သောဗုံးမှာ သံသေတ္တာတစ်ခုအတွင်း ထည့်သွင်းထားသည့် အလေးချိန် ငါးကီလိုဂရမ် လေးသော ဗုံးဖြစ်ပြီး ပေါက်ကွဲချိန်မှာ ဇွန် ၈ ရက် နံနက် ၈ နာရီအချိန်ခန့်ကဖြစ်သည်။ ထိုသို့ လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ထိုင်းလုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦး အနည်းငယ်ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် နီးစပ်ရာဆေးရုံသို့ အမြန်တင်ပို့ပေးခဲ့ရသည်။ ထိုင်းနိုင်ငံတောင်ပိုင်း ပြည်နယ်သုံးခုဖြစ်သည့် နာရာသီဝပ်၊ ယာလာနှင့် ပတ္တနီတို့တွင် ၂၀၀၄နှစ်အစောပိုင်းမှ စတင်ကာ တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံအရှေ့ပိုင်း ချူကျင်းပြည်နယ်ရှိ ဟန်ကျို့ပင်လယ်အော်ကို ဖြတ်သန်းတည်ဆောက်ထားသည့် တံတားတစ်စင်းကို ဇွန် ၇ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ဖောက်ခွဲရေးပစ္စည်းပါ မော်တော်ယာဉ်များ လက်ဘနွန်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ ရှာဖွေတွေ့ရှိ

ဘေရွတ် ဇွန် ၉

လက်ဘနွန်နိုင်ငံအရှေ့ပိုင်း ဘီကာတောင်ကြားဒေသတွင် ဖောက်ခွဲရေးပစ္စည်းများနှင့် မော်တော်ယာဉ်သုံးစီးကို လက်ဘနွန် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန်၇ရက်၌ ရှာဖွေတွေ့ရှိခဲ့ကြောင်း အမ်အင်န်အေ သတင်းဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါမော်တော်ကားများ ရှာဖွေတွေ့ရှိသောနေရာမှာ ဆီးရီးယားနိုင်ငံသို့ ဖြတ်သန်းသွားရာ နယ်စပ်စခန်းမှ ၁၀ကီလိုမီတာခန့်အကွာ ဘာအီအက်စ်မြို့အနီးတွင်ဖြစ်ကြောင်း သိရသည်။

ဖမ်းဆီးခဲ့

ထိုနေရာသည် လွန်ခဲ့သည့် တစ်ရက်က နိုင်ငံခြားသား လက်နက်ကိုင်သုံးဦးကို လက်ဘနွန် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့သောနေရာ ဖြစ်သည်။ မော်တော်ကားများမှာ ဗင်ကားတစ်စီးနှင့် ရိုးရိုးမော်တော်ကား နှစ်စီးတို့ဖြစ်သည်။

ထိန်းသိမ်းရမိ

အဆိုပါ မော်တော်ကားများပေါ်တွင် လက်နက်များ၊ ပေါက်ကွဲစေတတ်သောပစ္စည်းများ၊ မြို့နှင့် ကျေးရွာတို့၏အသေးစိတ်မြေပုံများ၊ ညကြည့်မျက်မှန်၊ မှန်ပြောင်းများနှင့်အတူ အီရတ်နိုင်ငံသားတစ်ဦးနှင့် ဆီးရီးယားနိုင်ငံသားနှစ်ဦးတို့ကို ဖမ်းဆီး ထိန်းသိမ်း ရမိခဲ့သည်။

ဖော်ပြ

ယခု သိမ်းဆည်းရမိသော စစ်လက်နက် ပစ္စည်းများသည် ဖတာ စစ်သွေးကြွများထံပေးပို့သော လက်နက်ဟုတ်မဟုတ် သေချာစွာ မသိရသေးကြောင်း အမ်အင်န်အေသတင်း၌ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပိုလန်နှင့် အီတလီ ရာဇဝတ်မှု ပူးတွဲတိုက်ဖျက်မည်

ဝါဆော ဇွန် ၉

ရာဇဝတ်မှုများနှင့်လူမှောင်ခိုကူးမှုများနှင့်ပတ်သက်ပြီး သတင်းအချက်အလက်များ အပြန်အလှန် လဲလှယ်ရေးအပေါ် ပိုလန်ပြည်ထဲရေး ဝန်ကြီးဌာနနှင့် အီတလီပြည်ထဲရေး ဝန်ကြီးဌာနအကြား သဘောတူညီချက်တစ်ရပ်ကို လက်မှတ် ရေးထိုးနိုင်ခဲ့ပြီ ဖြစ်ကြောင်း ပိုလန် ပြည်ထဲရေး ဝန်ကြီးဌာနက ဇွန် ၅ရက်၌ ပြောကြားသည်။

ထိုသို့ သဘောတူညီချက်ကို ပိုလန်ပြည်ထဲရေးဝန်ကြီးဂျန်ဆုဇ်ကတ်ဇ်မာရက်စ်နှင့်အီတလီပြည်ထဲရေးဝန်ကြီး ဂူလီရာနိုအမာတိုတို့နှစ်ဦး ပိုလန်နိုင်ငံ ဝါဆောမြို့၌ ဇွန် ၄ရက်က တွေ့ဆုံဆွေးနွေးအပြီး အဆိုပါသဘောတူညီမှု လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဆွေးနွေးပွဲ၌ ရာဇဝတ်မှုများ တိုက်ဖျက်ရေး၊ လူမှောင်ခိုကူးမှုနှင့် ဆက်စပ်သော ပြဿနာများအား ပူးတွဲဖြေရှင်းကြရေးကိုလည်း ပိုလန်နှင့် အီတလီပြည်ထဲရေးဝန်ကြီးနှစ်ဦးက ဆွေးနွေးခဲ့ကြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

စာရွက်အရှည်ဆုံးဝတ္ထု

စာရွက်အရှည်ဆုံး ဝတ္ထုတစ်ပုဒ်ကို ပြသနေစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံ ကျန်စုပြည်နယ် ယန်ကျို့မြို့မှ အသက်(၆၄)နှစ် အရွယ်ရှိ တရုတ်အမျိုးသားကြီး လျိုဟီရှန်းက အရှည်မီတာ ၆၀ရှိသော စာရွက်ပေါ်တွင် ဝတ္ထုတစ်ပုဒ်ကို အချိန်လေးနှစ် ကြာမျှ ရေးသားခဲ့ရကြောင်း သိရသည်။

(အင်တာနက်)

နှစ်၁၇၀၀ခန့်က မြို့ဟောင်း

လွန်ခဲ့သော နှစ်ပေါင်း ၁၇၀၀ ခန့်က တည်ရှိခဲ့သော မြို့ဟောင်း တစ်မြို့ကို တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချုံကျင်းဒေသရှိ ဒါချန်ရေအိုင်ကြီးအနီးတွင်တည်ရှိသောမြို့ဟောင်း တစ်ခုသည် လွန်ခဲ့သည့် နှစ်ပေါင်း ၁၇၀၀ ခန့်က တည်ထောင်ခဲ့သော မြို့တစ်မြို့ဖြစ်ပြီး အကျယ်၄၈ ဒသမ ၇ စတုရန်း ကီလိုမီတာရှိသည်။ ယခုအခါ ၎င်းမြို့ဟောင်းမှအဆောက်အအုံအဟောင်း ၃၅ ခုကို ပြုပြင်မွမ်းမံမှုများပြုလုပ်ပြီးနောက် မကြာမီခရီးသွား ဧည့်သည်များ လေ့လာနိုင်ရန် ခွင့်ပြုသွားမည်ဖြစ်သည်။

(အင်တာနက်)

အီရတ်၌ တိုက်ခိုက်ခံရမှုကြောင့် ကန်တပ်ဖွဲ့ဝင် လေးဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၉

အီရတ်နိုင်ငံတစ်ဝန်းတွင် သီးခြားစီ တိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့ဝင် လေးဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က ဇွန် ၇ ရက်၌ ပြောကြားသည်။

ပေါက်ကွဲ

ဘဂ္ဂဒက်မြို့အရှေ့ပိုင်းတွင် ဇွန် ၇ ရက်က စစ်ဆင်ရေးတစ်ရပ် ဆောင်ရွက်စဉ် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့ပြီး တစ်ဦးသေဆုံးခဲ့ရသည်ဟု အမေရိကန်စစ်ဘက်က ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြသည်။

နောက်ထပ် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးမှာ အီရတ်မြောက်ပိုင်း ဘေဂျီမြို့အနီးတွင် ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်တစ်စီး လမ်းဘေးဗုံး ပေါက်ကွဲထိမှန်သဖြင့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရသည်။

သေဆုံး

တတိယမြောက် အမေရိကန်တပ်ဖွဲ့ဝင်မှာ ဘဂ္ဂဒက်မြို့အရှေ့မြောက်ဘက် ဒိုင်ယာလာပြည်နယ်တွင် ဗုံးပေါက်ကွဲမှုတစ်ရပ်ကြောင့် ထိုနေ့က သေဆုံးခဲ့ရသလို စတုတ္ထမြောက် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးမှာ ထိုနေ့ကပင် ဒိုင်ယာလာပြည်နယ်၌ လက်နက်ကိုင်များ၏ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး အမှုလိုက်နှင့်လုပ်ငန်းခွင်သင်တန်း အမှတ်စဉ်(၅/၂၀၀၇) သင်တန်းဆင်းပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

တရားဥပဒေစိုးမိုး၍ ပြည်သူများလူမှုသုခရရှိခံစားနိုင်အောင်ဆောင်ရွက် အဂတိတရားကင်းပြီး အမှန်တရားဖော်ထုတ်ဆုံးဖြတ်နိုင်သူဖြစ်ရေးကြိုးပမ်း

ရန်ကုန် ဇွန် ၉

ပြည်ထဲရေးဝန်ကြီးဌာန အမှုလိုက်နှင့်လုပ်ငန်းခွင်သင်တန်းအမှတ်စဉ်(၅/၂၀၀၇) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ဆရာစံလမ်းရှိ ပြည်ထဲရေးဝန်ကြီးဌာနရုံးဟောင်းဧည့်ခန်းမ၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးတက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲ အခမ်းအနား၌ ပြည်ထဲရေးဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ဖွံ့ဖြိုးမှုအရှိန်အဟုန် မြင့်မားလာပြီး ပြည်ထောင်စု စိတ်ဓာတ်များ ထုနှင့်ထည်နှင့် ဖြစ်ထွန်းတည်ရှိလာခဲ့ပြီးဖြစ်ကြောင်း၊ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထားပြီး ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် တရားဥပဒေနှင့် အညီ ဆောင်ရွက်ကြရန်၊ လူထုအင်အားကို ရယူ၍ ပူးပေါင်းဆောင်ရွက်သွားကြရန်၊ တရားဥပဒေစိုးမိုး၍ ပြည်သူများ စိတ်ချမ်းမြေ့စွာ လူမှုသုခရရှိခံစားနိုင်အောင် ဆောင်ရွက်ကြရန်၊ တရားရေးမဏ္ဍိုင် မယိမ်းယိုင်စေရေးအတွက် ကိုယ်ကျင့်တရားကောင်း၍ အဂတိတရားကင်းပြီး အမှန်တရားကို ဖော်ထုတ်ဆုံးဖြတ်နိုင်သူများဖြစ်အောင် ကြိုးစားကြရန်၊ မိမိရပ်ရွာ မိမိဒေသ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စေတနာနှင့်ဝီရိယပေါင်းစပ်ပြီး တီထွင်ကြံဆကြိုးပမ်းအားထုတ်ဆောင်ရွက်သွားကြရန်မှာကြားသည်။

ဆုချီးမြှင့်

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်း၌ ထူးချွန်ဆုရရှိသူများဖြစ်သော အမှုလိုက်လုပ်ငန်းခွင် သင်တန်း ထူးချွန်ပထမဆုကို စစ်ကိုင်းတိုင်း ရဲတပ်ဖွဲ့မှ ဒုရဲအုပ်ဝင်းဇော်ဦး၊ ဒုတိယဆုကို ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှ ဒုရဲအုပ်သန်းထွန်းမြတ်နှင့် တတိယဆုကို ကရင်ပြည်နယ်ရဲတပ်ဖွဲ့က ဒုရဲအုပ်စိုးမောင်တို့အားလည်းကောင်း၊ မြို့နယ် ဒုတိယဦးစီးမှူး သင်တန်းသားပထမဆုကို ဒုတိယဦးစီးမှူး ဦးအောင်ဇော်မိုး၊ ဒုတိယဆုကို ဒုတိယဦးစီးမှူး ဦးသီဟဇော်နှင့် တတိယဆုကို ဒုတိယဦးစီးမှူး ဦးဇော်မိုးအောင်တို့အား လည်းကောင်း၊ ဘီလစ်စာရေးဆုကို အငယ်တန်းစာရေး ဦးနေစိုးဦး၊ တရားခွင်စာရေးဆုကို အငယ်တန်းစာရေး ဦးမောင်မောင်နှင့် ဆင့်စာလုလင်ဆုကို ရုံးအကူ ဦးအောင်မျိုးခန့်တို့အားလည်းကောင်း အသီးသီးဆုချီးမြှင့်သည်။

တက်ရောက်ခဲ့

အဆိုပါသင်တန်းကို ရက်သတ္တလေးပတ်ကြာဖွင့်လှစ်ခဲ့ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သင်တန်းသား ၁၅၁ ဦးနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သင်တန်းသား ၂၈ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဝန်ထမ်း မိသားစုဝင်များ၏ သားသမီးများအား ၂၀၀၇-၂၀၀၈ ခုနှစ်ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေနှင့်ကျောင်းသုံးဗလာ စာအုပ်များပေးအပ်ပွဲ ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့် တက်ရောက်အမှာစကား ပြောကြားစဉ်။ (ပို့ဆောင်ရေး)

ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ငွေနှင့် ကျောင်းသုံးဗလာစာအုပ်များပေးအပ်

ရန်ကုန် ဇွန် ၉

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဝန်ထမ်းမိသားစုဝင်များ၏ သားသမီးများအား ၂၀၀၇-၂၀၀၈ခုနှစ် ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်ပွဲအခမ်းအနားကို ဇွန်၈ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ရုံးချုပ်)အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ အထွေထွေမန်နေဂျာနှင့် ဌာနမှူးများ၊ ဌာနခွဲမှူးများ၊ မန်နေဂျာများ၊ လက်ထောက်မန်နေဂျာများ၊ ဝန်ထမ်းမိသားစုဝင်များ၊ အလှူရှင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းပြီးနောက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က အမှာစကားပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာဌာနမှူးများသို့ တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ကျောင်းသားကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ငွေများနှင့် ကျောင်းသုံးဗလာစာအုပ်များကို အသီးသီးပေးအပ်ကြသည်။ ဆက်လက်၍ ကျောင်းသားကျောင်းသူများကိုယ်စား ကျောင်းသား မိဘတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ယနေ့ပြုလုပ်သည့် ပညာသင်ထောက်ပံ့ငွေနှင့် ကျောင်းသုံး ဗလာစာအုပ်များ ပေးအပ်ပွဲအခမ်းအနားတွင် ဝန်ထမ်းမိသားစု ရန်ကုန်အခြေပြုနှင့်နယ်ဌာနခွဲများအပါအဝင် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၇၄၅ဦးအတွက် ပညာသင်ထောက်ပံ့ငွေနှင့် ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၅၀တို့ကို ပေးအပ်ခဲ့သည်။

(မြန်မာ့အလင်း)

မြန်မာ့အလင်း အင်တာနက်ဟောင်ပိတ်သတင်း

ဩစတြေးလျအရှေ့ပိုင်းမုန်တိုင်းတိုက်ခတ် အနည်းဆုံး ခြောက်ဦးသေဆုံး

ဆစ်ဒနီ ဇွန် ၉

ဩစတြေးလျနိုင်ငံအရှေ့ပိုင်း၌ ဇွန်၈ရက်ညနေပိုင်းက အင်အားပြင်း မုန်တိုင်းများတိုက်ခတ်ခဲ့ရာ အနည်းဆုံး လူခြောက်ဦး သေဆုံးသွားပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ (အောက်ပုံ)

ရွှေ့ပြောင်း

အဆိုပါ မုန်တိုင်းတိုက်ခတ်မှုကြောင့် နယူးဆောက်ဝေးနေ ပြည်သူများ ရာပေါင်းများစွာ ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း၊ ဆစ်ဒနီနှင့် အလယ်ပိုင်းကမ်းခြေဒေသများ၌ နေအိမ်အလုံး နှစ်သိန်းကျော် လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့ရကြောင်း၊ သဘော် ၁၂ စင်းခန့် လှိုင်းလုံးကြီးများအန္တရာယ်ကို ကြုံတွေ့ခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အီရတ်ရှိ အမေရိကန်အကျဉ်းစခန်း တိုက်ခိုက်ခံရ၍ ခြောက်ဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၉

အီရတ်နိုင်ငံတောင်ပိုင်းရှိ အမေရိကန် အကျဉ်းစခန်းတစ်ခုကို ဇွန်၉ရက်က တိုက်ခိုက်ရေးသမားများက ဒုံးကျည်၊ စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကျဉ်းသားခြောက်ဦးသေဆုံးပြီး ၅၀ဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

အကြီးဆုံးစခန်း

အဆိုပါ အကျဉ်းစခန်းသည် အီရတ်တောင်ပိုင်း ဘွတ်ကာအရပ်၌ တည်ရှိပြီး အကျဉ်းသား ၁၉၀၀၀ ရှိကြောင်း၊ အမေရိကန်တို့၏ အီရတ်၌ ထားရှိသည့် အကြီးဆုံးစခန်းဖြစ်ကြောင်းသိရသည်။

ပဲခူးတိုင်း ရွှေကျင်နှင့်ထန်းတပင်မြို့နယ်အတွင်း သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့်မိုင်းနင်းမိ၍ အပြစ်မဲ့ပြည်သူ နှစ်ဦးခြေထောက်ပြတ်ဒဏ်ရာရရှိ

နေပြည်တော် ဇွန် ၉

အကြမ်းဖက်သောင်းကျန်းသူအဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက်ရှိရာ ဇွန်၅ရက် နံနက်၈နာရီခန့်တွင် ရွှေကျင်မြို့နယ် အင်ချိုင့်ကျေးရွာမှ ဦးတင်သန်း၏သား ဇော်မင်းနိုင် အသက်(၂၁)နှစ်သည် အဖော်တစ်ဦးနှင့်အတူ တညင်းသီးရူးရန်တောတွင်းသို့ သွားရောက်စဉ် သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံးကို နင်းမိပေါက်ကွဲ၍ ဇော်မင်းနိုင်၏ ညာဘက်ခြေထောက် ခြေချင်းဝတ်မှပြတ်ကာ ဘယ်ဘက်ခြေသလုံး အရိုးကျိုးဒဏ်ရာ ရရှိခဲ့သည်။

ရှင်းလင်းဆောင်ရွက်

အဆိုပါမိုင်းထိဒဏ်ရာရရှိခဲ့ကြသည့် ဇော်မင်းနိုင်အား ရွှေကျင်မြို့နယ် ပြည်သူ့ဆေးရုံသို့လည်းကောင်း၊ ကျော်စိုးစိုးအား သပြေညွှန့်ကျေးရွာဆေးခန်းသို့လည်းကောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက ပို့ဆောင်ပေးကြ၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သော ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူ အဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ်ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၀၇–၂၀၀၈ မြန်မာလိဂ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲယှဉ်ပြိုင် စီးပွား/ကူးသန်းက ဘဏ္ဍာ/အခွန်ကို အနိုင်ရ

ရန်ကုန် ဇွန် ၉

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၇–၂၀၀၈ခုနှစ် ဘောလုံးရာသီ မြန်မာလိဂ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအထိမ်းအမှတ်ဖြစ် ယနေ့ညနေ ၄နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း၌ ကျင်းပရာ ဘဏ္ဍာ/အခွန် ဘောလုံးအသင်းကို ပြိုင်ဘက် စီးပွား/ကူးသန်းဘောလုံးအသင်းက သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

သတင်းမှတ်စုနှင့် ဓာတ်ပုံ သိန်းဝင်းလေး (မြန်မာ့အလင်း)

အမိအရ

ယနေ့ပွဲတွင် စီးပွား/ကူးသန်း ဘောလုံးအသင်းသည် ပိုမိုထိုးဖောက် ကစားပြီး မိမိတို့ရရှိသည့် အခွင့်အရေးကို အမိအရ အသုံးချနိုင်၍ အနိုင်ရရှိသွားခြင်းဖြစ်သည်။ ပြိုင်ပွဲတွင် အသင်းကြီးနှစ်သင်း ပြန်လည်ဆုံတွေ့ကြရာ တစ်သင်းနှင့်တစ်သင်း အမှားမခံဘဲ ယှဉ်ပြိုင်ကြသော်လည်း ကစားကွက်အားသာသည့် စီးပွား/ကူးသန်းအသင်းက အနိုင်ရရှိသွားသည်။

ပထမပိုင်း

ပထမပိုင်းတွင် စီးပွား/ကူးသန်း အသင်းကစားကွက် အချိတ်အဆက်မိမိဖြင့် ထိုးဖောက်ဖိကစားရာ ၁၂မိနစ်တွင် ထောင့်ကန်ဘောရရှိပြီး ယင်းထောင့်ကန်ဘောမှတစ်ဆင့် မျိုးလှိုင်ဦးခေါင်းတိုက်သွင်းယူ၍ စီးပွား/ကူးသန်း ဘောလုံးအသင်း ဗွေဆော်ဦး အဖွင့်ဂိုးစတင်ရရှိသွားသည်။ ယင်းဂိုးပေးလိုက်ရ၍ ဘဏ္ဍာ/အခွန်အသင်း ဂိုးရရှိရေး

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၇–၂၀၀၈ ခုနှစ် ဘောလုံးရာသီ မြန်မာလိဂ် ပြိုင်ပွဲဖွင့်ပွဲ၌ စီးပွား/ကူးသန်း အသင်းအတွက် အဖွင့်ဂိုး အပါအဝင် နှစ်ဂိုး သွင်းယူပေးသူ မျိုးလှိုင်ဦး။

အတွက် တိုက်စစ်ဆင်ကစားသော်လည်း စီးပွား/ကူးသန်းအသင်းမှ မင်းသူ ဦးဆောင်သည့် နောက်တန်းနှင့် ဂိုးသမားကောင်းမွန်၍ ဂိုးမရရှိဘဲ ဖြစ်နေရာ ပထမပိုင်း ၃၄မိနစ်တွင် စီးပွား/ကူးသန်းအသင်းမှ မျိုးလှိုင်ဦးကပင် ဒုတိယမြောက်ဂိုး ကန်သွင်းယူလိုက်နိုင်သည်။ ပထမပိုင်းအပြီးတွင် စီးပွား/ကူးသန်းအသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် ဦးဆောင်နေသည်။

ဒုတိယပိုင်း

ဒုတိယပိုင်းတွင် ဘဏ္ဍာ/အခွန် အသင်း ချေပဂိုးရရှိရေးအတွက် တိုက်စစ်ဆင် ဖိကစားသော်လည်း စီးပွား/ကူးသန်းအသင်းနောက်တန်းကို မကျော်လွန်နိုင်၍ အရှုံးဖြင့်ရင်ဆိုင်သွားရသည်။ ယနေ့ပွဲတွင် နှစ်သင်းစလုံး အနိုင်ရရှိရေးအတွက် သူတစ်ပြန် ကိုယ်တစ်ပြန် တိုက်စစ်ဆင် ထိုးဖောက်ကစားသွားကြသည်။ စီးပွား/ကူးသန်းအသင်းအတွက် တတိယမြောက်ဂိုးကို ဒုတိယပိုင်းတွင် တင်မင်းထွန်း ဂိုးရှေ့သို့ ကန်တင်ပို့ရာ ကျော်ဇင်ဝင်း ကန်သွင်းယူ၍ စီးပွား/ကူးသန်းအသင်း တတိယဂိုးရရှိသွားပြီး ပွဲအပြီးတွင် သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အကောင်းဆုံးဘောလုံးသမားဆု

ပွဲအပြီးတွင် ဆုများချီးမြှင့်ရာ ယနေ့ပွဲစဉ်အတွက် အကောင်းဆုံးဘောလုံးသမားဆုကို စီးပွား/ကူးသန်းအသင်းမှ ရာဇာဝင်းသိန်းက ရရှိသွားသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ပထမဆုရ စီးပွား/ကူးသန်းအသင်းအား ငွေကျပ်၁၀သိန်းနှင့် ဆုဖလားကိုလည်းကောင်း၊ ဒုတိယဆုရ ဘဏ္ဍာ/အခွန်အသင်းအား ငွေကျပ်ငါးသိန်းကိုလည်းကောင်း မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် တို့က ပေးအပ်ချီးမြှင့်ကြသည်။

(မြန်မာ့အလင်း)

စီးပွား/ကူးသန်းဘောလုံးအသင်း

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၇–၂၀၀၈ခုနှစ် ဘောလုံးရာသီ မြန်မာလိဂ် ဖွင့်ပွဲ အခမ်းအနားတွင် ဘဏ္ဍာ/အခွန် ဘောလုံးအသင်းအား သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသော စီးပွား/ကူးသန်း ဘောလုံးအသင်းအား ပြိုင်ပွဲမစမီ အုပ်ချုပ်သူ နည်းပြများနှင့်အတူ တွေ့ရစဉ်။

ငွေသားဆုနှင့်ဆုဖလားချီးမြှင့်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇–၂၀၀၈ခုနှစ် ဘောလုံးရာသီ မြန်မာလိဂ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို အောင်ဆန်းအားကစားပြိုင်ဝင်း၌ကျင်းပရာ ချန်ပီယံ ဘဏ္ဍာ/အခွန်အသင်းအား သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသော စီးပွား/ကူးသန်း ဘောလုံးအသင်းအား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ငွေသားဆုနှင့်အတူ ဆုဖလားချီးမြှင့်စဉ်။

● *ကျော်ဖုံးမှ*

အနှစ်သက်ဆုံး

တောင်ကိုရီးယား ရုပ်ရှင်သရုပ်ဆောင် ရိုစီဝမ်(ဆူဘင်)သည် အာရှတွင် ပရိသတ်အနှစ်သက်ဆုံး ရုပ်ရှင်သရုပ်ဆောင်တစ်ဦးဖြစ်ပြီး သူ၏ ပရိသတ် အများဆုံးမှာ ဂျပန်နှင့် တရုတ်နိုင်ငံ တို့၌ ရှိနေသည်။

အောင်မြင်မှု

ဆူဘင်၏ အောင်မြင်ကျော်ကြားမှုအပေါ် စီးပွားရေးအရ အခွင့်အလမ်းတစ်ရပ်အဖြစ် ဂျပန်နိုင်ငံမှ ခရီးသွားလုပ်ငန်းအေဂျင်စီတစ်ခုက အကောင်အထည်ဖော်ဆောင်ရွက်မှုတစ်ရပ်ပြုလုပ်ခဲ့သည်။ ၎င်းမှာ ဆူဘင်၏မိသားစုနေထိုင်သော တောင်ကိုရီးယားနိုင်ငံ (မြောက်ပိုင်း) ဂျုန်စန်ပြည်နယ် အင်ဒုန်မြို့ရှိနေအိမ်ကို ခရီးသွားများလေ့လာအပန်းဖြေစခန်းအဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

အလှအပ

ယခုအခါ ဆူဘင်၏ နေအိမ်သို့ သုံးရက်ကြာ အလည်အပတ်ခရီးစဉ်အဖြစ် သွားရောက်နိုင်ကြပြီး ပတ်ဝန်းကျင်ရှိ သာယာသော ရှုခင်းအလှအပများနှင့် တောင်ကိုရီးယားတို့၏ ယဉ်ကျေးမှုများကိုလည်း လေ့လာနိုင်ကြပြီဖြစ်သည်။

ဆူဘင်တို့ မိသားစုနေအိမ်သို့ အလည်ခရီးလာရောက်ကြသူ ခရီးသွားများအား ဆူဘင်၏အမေ ကိုယ်တိုင်ချက်ပြုတ်ကျွေးမွေးသော တောင်ကိုရီးယား အစားအစာများကိုလည်း စားသုံးနိုင်ကြမည်ဖြစ်သည်။ ထို့အပြင် ဆူဘင်၏ ငယ်စဉ်ကလေးဘဝ ဓာတ်ပုံနှင့် မှတ်တမ်းများကိုလည်း ပေးသွားမည်ဖြစ်ရာ ဂျပန်နိုင်ငံတွင် စိတ်ဝင်စားမှုအရှိဆုံး ခရီးစဉ်အဖြစ် ရောက်ရှိလာကြောင်း သိရသည်။

ဂျပန်၌ စားသောက်ဆိုင်ဖွင့်ထားသော အွန်းနို (ဘေယွန်ဂျွန်)

(ဓာတ်ပုံ–အင်တာနက်)

ရိုက်ကူးရေး

ထို့အတူ တောင်ကိုရီးယား ရုပ်ရှင်သရုပ်ဆောင် မင်းသမီး ချေရင်း (ဂျင်ဆန်းမီ)သည်လည်း တရုတ်နိုင်ငံသို့ သွားရောက်ကာ ရုပ်ရှင်ရိုက်ကူးတော့မည်ဖြစ်သည်။ ဂျင်ဆန်းမီသည် တရုတ်နိုင်ငံတွင် ပရိသတ်အများအပြားရှိနေသူဖြစ်ပြီး သူမ၏ ရုပ်မြင်သံကြားဇာတ်လမ်းတွဲများကို တရုတ်ပရိသတ်တို့က ကြိုက်နှစ်သက်ကြကြောင်း သိရသည်။

ပါဝင်သရုပ်ဆောင်

ဂျင်ဆန်းမီအနေဖြင့် တရုတ်နိုင်ငံတွင် "The Mischievous Princess 2"အမည်ရှိ ရုပ်ရှင်ဇာတ်ကား၌ ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်သရုပ်ဆောင်ရမည်ဖြစ်သည်။ အဆိုပါ ရုပ်ရှင်ဇာတ်လမ်းမှာ တရုတ်နိုင်ငံ ဆုမင်းဆက်မှ မင်းသမီးနှင့် တန်မင်းဆက်မှမင်းသားတို့၏ အချစ်မေတ္တာဘွဲ့ဇာတ်လမ်းဖြစ်သည်။

အခန်းဆက် ၃၀ ပါရှိသော ၎င်းရုပ်ရှင်ဇာတ်ကားတွင် ဂျင်ဆန်းမီက ဆုမင်းဆက်မှ ဆာဒူဂျန်အမည်ရှိ မင်းသမီးအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။ ဂျင်ဆန်းမီအနေဖြင့် ယခုအခါ တရုတ်နိုင်ငံသို့ အဆိုပါ ရုပ်ရှင်ဇာတ်ကားရိုက်ကူးရန် ထွက်ခွာသွားပြီဖြစ်သည်။ ယင်းရုပ်ရှင်ဇာတ်ကားကို လာမည့်နှစ် မေလတွင် တရုတ်နိုင်ငံတစ်ဝန်း ထုတ်လွှင့်ပြသသွားရန် စီစဉ်ထားကြောင်း သိရသည်။

ဆိုင်ဖွင့်

တစ်ဖန် တောင်ကိုရီးယားရုပ်ရှင်သရုပ်ဆောင်တစ်ဦးဖြစ်သူ ဘေယွန်ဂျွန်(အွန်းနို)သည်လည်း ဂျပန်နိုင်ငံ တိုကျိုမြို့ ရှီရိုကာနီဒိုင်အရပ်တွင် တောင်ကိုရီးယား အစားအစာများရောင်းချသည့် စားသောက်ဆိုင်တစ်ဆိုင်ကို ပြီးခဲ့သည့် လအနည်းငယ်က ဖွင့်လှစ်ခဲ့သည်။

ယခု ဇွန်လ ဒုတိယသီတင်းပတ်မှ စတင်ကာ ၎င်း၏ဆိုင်၌ တောင်ကိုရီးယား ရိုးရာယဉ်ကျေးမှု အသုံးအဆောင်များလည်း ပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။ အွန်းနို၏ စားသောက်ဆိုင်အတွင်း လာရောက်စားသုံးသူများ အနေဖြင့် တောင်ကိုရီးယားအစားအစာအပြင် အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းများကိုလည်း ထိတွေ့ခံစား ဝယ်ယူနိုင်ကြရန် စီစဉ်ခြင်းဖြစ်သည်။

လက်ထပ်ပွဲ

အွန်းနိုကို အားပေးကြိုက်နှစ်သက်သောပရိသတ်များအနေဖြင့် ၎င်း၏ဆိုင်တွင် လက်ထပ်ပွဲများလည်း ကျင်းပနိုင်အောင် စီစဉ်ထားကြောင်းသိရသည်။

ထို့အတူ တောင်ကိုရီးယားရုပ်ရှင်သရုပ်ဆောင်မင်းသမီး ကင်အဲဂျွန်သည် **"တောင်ကိုရီးယား ရုပ်ရှင်ပွဲတော် ၂၀၀၇"** အတွက်လည်းကောင်း၊ တောင်ကိုရီးယားနှင့် ဗီယက်နမ်နိုင်ငံတို့၏ သံတမန်ဆက်ဆံမှု (၁၅)နှစ်ပြည့်မြောက် အထိမ်းအမှတ်အဖြစ်လည်းကောင်း ဗီယက်နမ်နိုင်ငံသို့ ယခုရက်အတွင်းက လေးရက်ကြာ အလည်အပတ်ခရီး သွားရောက်ခဲ့သည်။

ဓာတ်ပုံရိုက်

ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိစဉ် ဟိုချီမင်းမြို့၌ သူမ၏ ပရိသတ် ၁၀၀၀ ခန့်နှင့်အတူ အမှတ်တရဓာတ်ပုံများ တွဲရိုက်ခြင်းနှင့် တွေ့ဆုံခြင်းတို့ ပြုလုပ်ခဲ့သည်။ ထို့အပြင် ကင်အဲဂျွန်အနေဖြင့် သူမ ပါဝင်သရုပ်ဆောင်ထားသော 200 Pound Beauty ရုပ်ရှင်ဇာတ်ကားကို ပရိသတ် ပိုမိုစိတ်ဝင်စားရေးအတွက်လည်း ဗီယက်နမ်သို့ လာရောက်ခြင်းဖြစ်သည်။

ကင်အဲဂျွန် ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိစဉ်အချိန်အတွင်း ပြည်တွင်း ရုပ်မြင်သံကြားအစီအစဉ်မှ သူမနှင့် ပတ်သက်သော လှုပ်ရှားမှုများကို နေ့စဉ် ထုတ်လွှင့်ပေးခဲ့ကြောင်းသိရသည်။ ။

(အင်တာနက်)

ကင် အဲ ဂျွန်

ဗီယက်နမ်သို့သွားရောက်ခဲ့သည့် တောင်ကိုရီး ယား ရုပ် ရှင် မင်းသမီး ကင်အဲဂျွန်။

(ဓာတ်ပုံ–အင်တာနက်)

သဲအင်းဂူအစိဌာန် ငါးရက်စခန်း

ရန်ကုန် ဇွန် ၉

ဒဂုံမြို့သစ် မြောက်ပိုင်းမြို့နယ် (၁၆)ရပ်ကွက် သာသနာ့ဒီပ သဲအင်းဂူဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်တွင် လစဉ်ကျင်းပလျက်ရှိသော အဓိဋ္ဌာန် ငါးရက်စခန်းကို ဇွန် ၁၅ရက်မှ ၁၉ရက် (ပထမဝါဆိုလဆန်း ၁ရက်မှ ၅ရက်) အထိ မူလသဲအင်းဂူဆရာတော်ကြီး၏ ဉပနိဿယအတိုင်း ဘဒ္ဒန္တမုနိန္ဒ (ကျိုက်ဝိုင်း)၊ ဘဒ္ဒန္တဇဋိလ (ရန်မျိုးအောင်)၊ ဘဒ္ဒန္တသီရိန္ဒ၊ ဘဒ္ဒန္တသုနန္ဒ (သာသနာ့ဒီပ) ဆရာတော်များက ဟောကြားပြသမည်ဖြစ်ရာ တရားအားထုတ်လိုသူများ ဇွန် ၁၄ရက် (နယုန်လကွယ်နေ့) ညနေ ၅နာရီအရောက် လာကြရန်နှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲအလှူရှင်များ ကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၇၀၉၈၉၁သို့ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၃၅၂)**

ကမ္ဘာတစ်လွှား အားကစား

ဘိုင်ယန်မြူးနစ်သို့ ပြောင်းရွှေ့ကစားမည့် ကလိုဆေး

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

ဘာလင် ဇွန် ၉

အင်္ဂလိပ် ပရီမီယာလိဂ် ကလပ်အသင်းများ၌ ဘောလုံးသမားများ အပြောင်းအရွှေ့တို့ဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်နေချိန်တွင် ဂျာမန်ဘွန်ဒက်စ်လီဂါ၌လည်း ဘောလုံးသမားများ အပြောင်းအရွှေ့များ ဖြစ်ပေါ်လျက်ရှိသည်။

ပြောင်းရွှေ့မည်

ထိုသို့ ဘွန်ဒက်စ်လီဂါ ဘောလုံးသမား အပြောင်းအရွှေ့တွင် ဝါဒါဘရီမင် တိုက်စစ်မှူး ကလိုဆေးသည်လည်း ပါဝင်နေသည်။ ကလိုဆေးအနေဖြင့် လာမည့် ဘောလုံးရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းသို့ ပြောင်းရွှေ့တော့မည်ဟု ကလိုဆေးကိုယ်တိုင်က ထုတ်ဖော်ပြောကြားလိုက်ပြီ ဖြစ်သည်။

ရေပန်းစား

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ တစ်ဖက်အသင်း နောက်တန်းကို အင်အားပြည့် ထိုးဖောက်ကစားပြီး ဂိုးများအဆက်မပြတ် သွင်းယူခဲ့သောကြောင့် ဂျာမနီတိုက်စစ်မှူး ကလိုဆေးမှာ ကမ္ဘာ့ဘောလုံးပရိသတ် နှုတ်ဖျား၌ ရေပန်းစားခဲ့သူတစ်ဦး ဖြစ်ခဲ့သည်။

ထိုးဖောက်အားကောင်း

တိုက်စစ်ဆင် ထိုးဖောက်ကစားမှု အားကောင်းသော ကလိုဆေးသည် ၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ ကော်စတာရီကာနှင့် ဂျာမနီတို့ကစားသောပွဲ၌ လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သောပွဲတွင် ကလိုဆေး တစ်ဦးတည်း နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။

ဂိုးသွင်း

ထို့အတူ ဂျာမနီနှင့် အီကွေဒေါတို့ပွဲတွင်လည်း ကလိုဆေး နှစ်ဂိုးသွင်းယူနိုင်ခဲ့သည့်အပြင် ဂျာမနီနှင့် အာဂျင်တီးနားတို့ပွဲတွင် တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ရာ ယင်းဂိုးကို ကလိုဆေးကပင် သွင်းယူခဲ့ခြင်း ဖြစ်သည်။

ပါဝင်ကစား

ထိုသို့ ခြေစွမ်းပြ ဂိုးသွင်းမှုအားကောင်းသော တိုက်စစ်မှူး ကလိုဆေးသည် ဝါဒါဘရီမင်အသင်း၌ မကစားမီ ကိုင်ဇာစလော့တန်အသင်း၌ ၂၀၀၁-၂၀၀၂ ဘောလုံးရာသီမှ ၂၀၀၃-၂၀၀၄ ဘောလုံးရာသီအထိ ပါဝင်ကစားခဲ့သည်။

သုံးနှစ်ကစားခဲ့

ကလိုဆေးအနေဖြင့် ကိုင်ဇာစလော့တန်အသင်းနှင့် သုံးနှစ်တာကစားခဲ့ရာတွင် စုစုပေါင်း ၃၄ ဂိုး သွင်းယူနိုင်ခဲ့သည်။ ထို့အတူ ၂၀၀၂ ကမ္ဘာ့ဖလား ဘောလုံးပွဲ၌လည်း ဂျာမနီအသင်းအတွက် ကလိုဆေး ငါးဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ပြောင်းရွှေ့ခဲ့

ကလိုဆေးသည် ၁၉၇၈ ခုနှစ် ဇွန် ၉ရက်က ဂျာမနီနိုင်ငံတွင် မွေးဖွားခဲ့ရာ ယခုအသက် ၂၈ နှစ် အရွယ်ရှိပြီ ဖြစ်သည်။ လက်ရှိကစားနေသော ဝါဒါဘရီမင်အသင်းသို့ ၂၀၀၄ ခုနှစ်က ပြောင်းရွှေ့ရောက်ရှိလာခဲ့ခြင်းဖြစ်ပြီး ၂၀၀၄-၂၀၀၅ ဘောလုံးရာသီ၌ ဝါဒါဘရီမင်အတွက် ဘွန်ဒက်စ်လီဂါတွင် ၂၈ ပွဲ ကစားပေးခဲ့ပြီး ၁၅ ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ထို့အပြင် ချန်ပီယံလိဂ်တွင် နှစ်ဂိုးသွင်းယူပေးခဲ့ရာ ထိုနှစ်က ဝါဒါဘရီမင်အတွက် စုစုပေါင်း ၁၇ ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ တစ်ဖန် ဂျာမနီဘောလုံးအသင်းနှင့်အတူ နိုင်ငံတကာ ခြေစမ်းကစားပွဲ ခြောက်ပွဲ ကစားခဲ့ပြီး စုစုပေါင်း ခြောက်ဂိုးသွင်းယူနိုင်ခဲ့သည်။

တစ်ပွဲတစ်ဂိုးနှုန်း

ဝါဒါဘရီမင်နှင့် ကစားခဲ့သောနှစ်များအတွင်း ခြေစွမ်းအပြနိုင်ဆုံးမှာ ၂၀၀၅-၂၀၀၆ ဘောလုံးရာသီ ဖြစ်ပြီး ထိုနှစ်က ဝါဒါဘရီမင်အတွက် ဘွန်ဒက်စ်လီဂါပွဲစဉ်များ၌ ၂၃ပွဲကစားပြီး ၂၅ဂိုး သွင်းယူပေးနိုင်ခဲ့ရာ တစ်ပွဲတစ်ဂိုးနှုန်း ကျော်ခဲ့သည်။ ထို့အတူ ဝါဒါဘရီမင်အတွက် ချန်ပီယံလိဂ်ပွဲ ကိုးပွဲကစားခဲ့ရာတွင် လေးဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ပို့ဆောင်နိုင်

ထို့ကြောင့် ၂၀၀၅-၂၀၀၆ ဘောလုံးရာသီ၌ ဝါဒါဘရီမင်အတွက် ကလိုဆေး ဂိုးပေါင်း ၂၉ ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ သို့သော်လည်း ၂၀၀၆-၂၀၀၇ ဘောလုံးရာသီတွင်မူ ဘွန်ဒက်စ်လီဂါ၌ ကလိုဆေး ၁၃ဂိုးသာသွင်းယူနိုင်ခဲ့သော်လည်း တစ်နှစ်လုံးအတွက် ယူအီးအက်ဖ်အေ ဘောလုံးပွဲ၌ နှစ်ဂိုးသွင်းယူခဲ့သဖြင့် စုစုပေါင်း ၁၅ဂိုးသွင်းယူနိုင်ခဲ့သည်။ ဝါဒါဘရီမင်အသင်းကိုလည်း ယခုနှစ် ဘောလုံးရာသီပွဲ၌ တန်းစီဇယား တတိယနေရာ ရောက်အောင် ပို့ဆောင်ပေးနိုင်ခဲ့သည်။

ခြေစွမ်းပြ

ယခုနှစ်၌ ကလိုဆေး အကောင်းဆုံး ခြေစွမ်းပြကစားနိုင်ခဲ့သော ပွဲများမှာ အာမေးနီးယားနှင့်ပွဲတွင်ဖြစ်ပြီး တစ်ဦးတည်း နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ထို့အတူ ဟာသာဘာလင်အသင်းနှင့် ကစားရသည့်ပွဲ၌လည်း တစ်ဦးတည်း နှစ်ဂိုး သွင်းယူနိုင်ခဲ့သည်။

ယခုအခါ ဝါဒါဘရီမင်မှ ကလိုဆေး ထွက်ခွာသွားရန် သေချာသလောက်ရှိနေပြီဖြစ်ရာ လာမည့် ၂၀၀၈ ခုနှစ်တွင် ဘိုင်ယန်မြူးနစ်အသင်းနှင့် စာချုပ်ချုပ်ဆို ကစားသွားတော့မည် ဖြစ်ကြောင်း။ ။

(ကိုးကား- အင်တာနက်)



ဝါဒါဘရီမင်မှ ဘိုင်ယန်မြူးနစ်သို့ ပြောင်းရွှေ့ကစားမည့် တိုက်စစ်မှူး ကလိုဆေး။ (ဓာတ်ပုံ-အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

* **အက်စ်တိုးနီးယားအသင်းနှင့် အင်္ဂလန်အသင်းတို့ ဇွန် ၆ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲတွင် အင်္ဂလန်ကစားသမား ဒေးဗစ်ဘက်ခမ်းသည် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရရှိခဲ့သည်။**

* လီဗာပူးကွင်းလယ်ကစားသမား အလွန်ဆိုသည် အသင်းနှင့် ၂၀၁၂ ခုနှစ်အထိ ငါးနှစ်စာချုပ်သစ် ချုပ်ဆိုလိုက်သည်။

* **ပြင်သစ်အိုးပင်း တင်းနစ်အကြိုဗိုလ်လုပွဲတွင် ဆားဘီးယားမှ အီဗန်နိုဗစ်က ရုရှားပိုဗာအား အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သလို ဘယ်လ်ဂျီယံသူ ဂျူစတင်ဟေနင်က ဆားဘီးယားသူ ဂျန်ကိုဗစ်အား အနိုင်ရပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။**

(အင်တာနက်)

ရီးရဲမက်ဒရစ်နောက်တန်းကစားသမား ကားလို့စ် ဖီနာဘာချီအသင်းသို့ ပြောင်းရွှေ့မည်

ရေးသားသူ-မြင့်မောင်စိုး

မက်ဒရစ် ဇွန် ၉

ရီးရဲမက်ဒရစ် နောက်တန်းကစားသမား ရော်ဘတ်တိုကားလို့စ်သည် စပိန်လာလီဂါပြိုင်ပွဲအပြီး တူရကီချန်ပီယံ ဖီနာဘာချီအသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း ရီးရဲမက်ဒရစ်အသင်းက ပြောကြားသည်။

၁၁ နှစ်ကြာ

ဘရာဇီးနောက်တန်းကစားသမား ရော်ဘတ်တိုကားလို့စ်သည် ဘာနေဗျူးတွင် ၁၁ နှစ်ကြာ ကစားခဲ့သူဖြစ်သည်။ သို့ရာတွင် ၎င်းသည် ရီးရဲမက်ဒရစ်၌ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။

ပြောင်းရွှေ့ကြေး

သို့ရာတွင် ရော်ဘတ်တိုကားလို့စ်၏ ဖီနာဘာချီသို့ ပြောင်းရွှေ့သည့် ပြောင်းရွှေ့ကြေးကို ရီးရဲမက်ဒရစ်က ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ရော်ဘတ်တိုကားလို့စ်သည် ရီးရဲမက်ဒရစ်အသင်း၌ ၁၁ နှစ်ကြာ ကစားခဲ့ရာတွင် စပိန်လာလီဂါဖလား သုံးလုံးရယူပေးနိုင်ခဲ့သည်။ ယခုနှစ်တွင်လည်း ရီးရဲမက်ဒရစ်တို့ လာလီဂါအမှတ်ပေးဇယား ထိပ်ဆုံးနေရာရောက်ရှိအောင်လည်း ပို့ပေးနိုင်ခဲ့သည်။ **(အင်တာနက်)**

ရီးရဲမက်ဒရစ် နောက်တန်းကစားသမား ရော်ဘတ်တိုကားလို့စ်။ (ဓာတ်ပုံ-အင်တာနက်)

တောင်ပံကစားသမား အာဂျင်ရော့ဘင် ချယ်လ်ဆီးနှင့် စာချုပ်သစ်ချုပ်ဆိုမည်

လန်ဒန် ဇွန် ၉

ချယ်လ်ဆီးတောင်ပံကစားသမား အာဂျင်ရော့ဘင်အား ရီးရဲမက်ဒရစ်နှင့် စာချုပ်ရန် နီးစပ်နေပြီဆိုသည့်သတင်းကို ၎င်း၏ဖခင်ဖြစ်သူက မဟုတ်မှန်ကြောင်း ငြင်းဆိုလိုက်သည်။

စာချုပ်ရန်နီးစပ်

အဆိုပါ တောင်ပံကစားသမားသည် ချယ်လ်ဆီးအသင်းနှင့် စာချုပ်သစ် ချုပ်ဆိုရန်လည်း နီးစပ်နေကြောင်း ၎င်းကပြောကြားသည်။

ရီးရဲ မဆက်သွယ်

ရော့ဘင်အား မိမိတို့ ရီးရဲမက်ဒရစ်အသင်းက ခေါ်ယူရန်ဆက်သွယ်ခဲ့ခြင်း မရှိကြောင်း အသင်းဥက္ကဋ္ဌ ရေးမွန်းကယ်ဒါရွန်က ပြောကြားသည်။

မိမိတို့သည် ချယ်လ်ဆီးအသင်းနှင့် စာချုပ်သစ်ချုပ်ဆိုရေး စေ့စပ်ဆွေးနွေးမှုမှာ ပြီးစီးရန် နီးနေပြီဖြစ်ကြောင်း၊ အာဂျင်ရော့ဘင်သည် ချယ်လ်ဆီးအသင်းတွင် နောက်ထပ် ငါးနှစ်စာချုပ်ပြီး ကစားလိမ့်မည်ဖြစ်ကြောင်း ရော့ဘင်၏ဖခင်ဖြစ်သူက ပြောကြားသည်။

အသက် ၂၃နှစ်ရှိ ရော့ဘင်သည် ၂၀၀၄ခုနှစ်က ပီအက်စ်ဗွီအိုင့်ဟိုဗင်အသင်းမှ ပေါင်၁၂သန်းဖြင့် ပြောင်းရွှေ့လာခြင်းဖြစ်သည်။ ၎င်းအား မကြာမီက ဘိုင်ယန်မြူးနစ်က ချဉ်းကပ်ခဲ့သည်။

ရော့ဘင်သည် နည်းပြမော်ရင်ဟို၏ အဓိကကစားသမားတစ်ဦး ဖြစ်သော်လည်း ပြီးခဲ့သောရာသီက ဒဏ်ရာများရထားခဲ့၍ ထင်သလောက် ခြေစွမ်းပြနိုင်ခြင်း မရှိခဲ့ပေ။

(အင်တာနက်)



ချယ်လ်ဆီးတောင်ပံကစားသမား အာဂျင်ရော့ဘင်။
(ဓာတ်ပုံ-အင်တာနက်)

တိုက်စစ်မှူး အွန်နရီ၏ အနာဂတ် အာဆင်နယ်၌ဆက်ကစားရန် မရေရာ

လန်ဒန် ဇွန် ၉

အာဆင်နယ်အသင်း ဒုတိယဥက္ကဋ္ဌ ဒေးဗစ်ဒိန်း ထွက်ခွာသွားခြင်းသည် အာဆင်နယ်အသင်းအတွက် အကြီးအကျယ် ဆုံးရှုံးနစ်နာစေမည်ဖြစ်ကြောင်း တိုက်စစ်မှူး အွန်နရီက ဝန်ခံပြောကြားလိုက်ပြီး ၎င်း၏ အနာဂတ်မှာလည်း အာဆင်နယ်တွင် ဆက်လက်ကစားရန်မှာလည်း သံသယဖြစ်လာသည်။

ဝန်ခံ

ထိုအတောအတွင်း ချန်ပီယံလိဂ်ဖလားပိုင်ရှင် အေစီမီလန်အသင်းကလည်း စိတ်ဝင်စားမှုရှိကြောင်း သတင်းများ ထွက်ပေါ်ခဲ့မှုနှင့် ပတ်သက်ပြီးလည်း မှန်ကန်မှုရှိကြောင်း အသက် ၂၉နှစ်ရှိ ပြင်သစ်တိုက်စစ်မှူး အွန်နရီက ဝန်ခံပြောကြားသည်။



အာဆင်နယ် တိုက်စစ်မှူး အွန်နရီ။
(ဓာတ်ပုံ-အင်တာနက်)

နားမလည်နိုင်

မစ္စတာဒေးဗစ်ဒိန်း ထွက်သွားခြင်းသည် မိမိအနေဖြင့် မည်သို့မျှ နားမလည်နိုင်တော့ကြောင်း အွန်နရီက ပြောကြားသည်။

ငြင်းဆိုဖွယ်မရှိ

မိမိအနေဖြင့် အေစီမီလန်မှ ကမ်းလှမ်းလာသည့်စကားကို ကြားလိုကြောင်း၊ မိမိသည် အာဆင်နယ်ကစားသမားဖြစ်သည်ဟု အကြိမ်ပေါင်းများစွာ ပြောခဲ့ပြီးဖြစ်ကြောင်း၊ သို့ရာတွင် ယခုအခြေအနေတွင် မီလန်မှ ကမ်းလှမ်းခဲ့လျှင် ငြင်းဆိုနိုင်ဖွယ်မရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကြိုးပမ်းခဲ့

ဒေးဗစ်ဒိန်းသည် နည်းပြအာစင်ဝင်းဂါး၏ အနီးကပ်ဆုံးလူယုံဖြစ်သည်။ ယင်းတို့နှစ်ဦးသည် အာဆင်နယ်အသင်းကို အောင်မြင်သောအသင်းအဖြစ် ရပ်တည်လာနိုင်အောင် အဓိက ကြိုးပမ်းခဲ့ကြသူများ ဖြစ်သည်။

(အင်တာနက်)

သမီးကြီး

မကြိုင်စကားဝါနွယ် အတွက် မွေးနေ့ဆုတောင်း

သမီးကြီး **မကြိုင်စကားဝါနွယ်** ၏ ၁၁-၆-၂၀၀၇ရက်တွင် ကျရောက်သည့် မွေးနေ့မှသည် နောင်နှစ်ပေါင်း ၁၂၀တိုင်အောင် ကျန်းမာချမ်းသာမှုအပေါင်းနှင့်ပြည့်စုံ၍ သမီးကြီး၏ လိုအင်ဆန္ဒများ ပြည့်ဝပြီး ထူးချွန်ထက်မြက်သော သမီးကောင်းရတနာဖြစ်ပါစေ။

ချစ်ဖေဖေ – ကိုလှမျိုးသန်း(ခ)ကိုပေါက်(သာစည်)
ချစ်မေမေ – ဒေါ်လှလှဝင်း
ချစ်မောင်လေး – သက်နောင်ခန့်၊ ကောင်းဆက်ခန့်
ချစ်ညီမလေး – အိန္ဒြာခင်။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

မကွေးတိုင်း၊ ပခုက္ကူမြို့၊ အမှတ်(၁)၊ မြို့မဈေးဆိုင်ခန်းသစ်များ ဆောက်လုပ်မည်ဖြစ်ပါ၍ လုပ်ငန်းလုပ်ဆောင်ရန် စိတ်ပါဝင်စားသူများသည် ချိပ်ပိတ်တင်ဒါစည်းကမ်းချက်များအား ဈေးသစ်တည်ဆောက်ရေးကော်မတီရုံး မြို့မဈေးအတွင်း ပခုက္ကူမြို့တွင် ကြည့်ရှုစုံစမ်းနိုင်ကြောင်းနှင့် တင်ဒါရောင်းချခြင်းကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

(၁) တင်ဒါစတင်ရောင်းချမည့်နေ့ – ၁၀-၆-၂၀၀၇ရက်
(၂) တင်ဒါသွင်းရမည့်နေရာ – တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မကွေးတိုင်း၊ မကွေးမြို့။
(၃) တင်ဒါပိတ်မည့်နေ့ – ၂၀-၆-၂၀၀၇ရက်
(၄) တင်ဒါဖွင့်မည့်နေ့/နေရာ – ၂၂-၆-၂၀၀၇ရက် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မကွေးတိုင်း၊ မကွေးမြို့။

ဈေးသစ်တည်ဆောက်ရေးကော်မတီ
ဖုန်း-၀၆၂-၂၂၈၅၁ လိုင်းခွဲ(၅၅၂)
ပခုက္ကူမြို့။

ဦးဝင်းမောင်နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊(ည)ရပ်ကွက်၊ ဇရာဇလမ်း၊ အမှတ် ၁၅၈နေ ဦးဝင်းမောင် ၁၂/ဒဂန(နိုင်)၀၀၂၅၁၄ သည် ဇနီးဖြစ်သူ ဒေါ်နန်းလွေခမ်းအား ကိုယ်စိတ်ဆင်းရဲစေရန် ပြုမူလုပ်ဆောင်ပြီး နှစ်ဦးပိုင်ပစ္စည်းဖြစ်သော ယာဉ်အမှတ် စ/၉၄၃၇ (အစိမ်းရောင်) ဝီလီဂျစ်နှင့် လက်ကိုင်ဖုန်းတို့ကို ယူဆောင်သွားကြောင်း သိရသည်။

ယင်းကားနှင့် လက်ကိုင်ဖုန်းတို့သည် လင်မယားနှစ်ဦးပိုင်ပစ္စည်းဖြစ်၍ ပေးကမ်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အမည်လွှဲပြောင်းခြင်း၊ လက်ခံခြင်း၊ ဝယ်ယူခြင်းတို့ကို ဒေါ်နန်းလွေခမ်း၏ သဘောတူညီမှုမရရှိဘဲ မပြုလုပ်ရန် တားမြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်နန်းလွေခမ်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်မိုးလှိုင် (အထက်တန်းရှေ့နေ)
အမှတ် ၃၄၉၊ မဥ္ဇူလမ်း၊ (၁)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်။



စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ကွက်၂၉၄၊ ညောင်ကုန်းရပ်နေ ဦးအောင်ငြိမ်း(ဇကရာဇ်ဖယောင်းစက်ခုံလုပ်ငန်း)-ဒေါ်မေမေခင် (တောသားကြီးဖယောင်းတိုင်လုပ်ငန်း)တို့၏သား

မောင်အာကာစိုး (IC, Final Years) **နှင့်**

တောင်ငူမြို့ ၃/၄၂၈ နေ ဦးမောင်မောင်ဒင်-(ဒေါ်စန်းမြင့်) မင်းထွန်းပရိဘောဂတို့၏သမီးငယ်

မအေးနှင်းဖြိုး (Law, First Year) **(နန်းမြင့်စတိုး)**

တို့သည် နှစ်ဖက်လူကြီးများ၏ ရှေ့မှောက်၌ ၇-၆-၂၀၀၇ရက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်အာကာစိုး-မအေးနှင်းဖြိုး။

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ဦးထိန်ဝင်း ၁၂/ခရန(နိုင်)၀၀၉၅၀၉၏သမီး မဥမ္မာလွင်သည် မိဘဘိုးဘွားများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ ၎င်း၏ဆန္ဒအတိုင်း ပြုမူသွားပါသဖြင့် ယနေ့ ကြော်ငြာပါသည့်နေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဖခင်-ဦးထိန်ဝင်း
၂၁၈၊ မင်္ဂလာသုခလမ်း၊ (၇)ရပ်ကွက်၊
ခရမ်းမြို့၊ ရန်ကုန်တိုင်း။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးတင်ထွေးမြင့် ၁၂/ဗဟန(နိုင်)၀၁၉၈၇၃၏ ယာဉ်မောင်းလိုင်စင်အမှတ် ဃ/၃၅၁၆/၀၁နှင့် အရေးကြီးစာရွက်စာတမ်းများ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၅၀၀၈၇၈၇၊ ၀၉-၅၀၁၈၂၈၅။

TAXI ငှားမည်

ကားပိုင်ရှင်ကိုယ်တိုင် ဆက်သွယ်ပေးပါ။ CNGကားသန့်သန့်၊ စပေါ်ကျပ် ၁၅သိန်းတင်မည်၊ ပွဲစားမလို။

ဖုန်း-၀၉-၉၉-၇၀၈၁၉။

သင့်သွေးဖြင့် အသက်ကယ်ပါ

ပြည်နယ်နှင့်တိုင်း ကရာတေးဒိုအသင်းအုပ်ချုပ်၊နည်းပြများနှင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်တို့တွေ့ဆုံ

ရန်ကုန် ဇွန် ၉

မြန်မာ့ကရာတေးဒိုအားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် (၁၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုအသင်းအုပ်ချုပ်၊ နည်းပြများနှင့် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်၊အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် အမှုဆောင်များ၊ ပြည်နယ်နှင့်တိုင်း ကရာတေးဒိုအသင်း အုပ်ချုပ်၊ နည်းပြများ တက်ရောက်ကြသည်။

အကြံပေး

ရှေးဦးစွာ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်က အမှာစကားပြောကြားပြီး ပြည်နယ်နှင့်တိုင်းကရာတေးဒိုအသင်းအုပ်ချုပ်၊ နည်းပြများက မြန်မာ့ကရာတေးဒို အားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုဆွေးနွေးကြသည်။

ပြန်လည်ဆွေးနွေး

ထို့နောက် မြန်မာနိုင်ငံ ကရာတေးဒို အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်**(အပေါ်ပုံ)**က အကြံပြု ဆွေးနွေးချက်များကို ပြန်လည်ဆွေးနွေးပြီး ကရာတေးဒို အားကစားနည်းဆိုင်ရာ ဒီဗွီဒီအခွေများကို ပြည်နယ်နှင့်တိုင်း ကရာတေးဒို အသင်းများအား ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၁၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲများကို ဇွန် ၉ရက်က အောင်ဆန်းအားကစားပြိုင်ဝင်း၌ကျင်းပစဉ်။

(မြန်မာ့အလင်း)

မှတ်သားဖွယ်ရာမိုးရေချိန်

၉-၆-၂၀၀၇

နေပြည်တော်	၀ ဒသမ ၀၈	လက်မ
မောင်တော	၄ ဒသမ ၁၇	လက်မ
စစ်တွေ	၃ ဒသမ ၇၈	လက်မ
မြစ်ကြီးနား	၃ ဒသမ ၅၄	လက်မ
မိုးကုတ်	၁ ဒသမ ၅၇	လက်မ

ဒေသဖွံ့ဖြိုးမှုကို အားဖြည့်ပေးမည့် ပမ္မဝတီတံတား

ပမ္မဝတီ မြစ်ရေကြည်လဲ့လဲ့က ဖန်သားပြင်ဘက်သို့ လှနေသည်။ မြန်မာနိုင်ငံ၏ တောင်ဘက်ဖျား ပုသိမ်ခရိုင်အတွင်းတွင် မြစ်ရေတင် စီမံကိန်းများ၊ ဆည်မြောင်း ကန်ချောင်းများ၏ ကျေးဇူးကြောင့် နွေစပါး တွေ ဝင်းမှည့် ရွှေစင်အိနေသည်။

ပုသိမ်ခရိုင်သည် အောက်မြန်မာနိုင်ငံ ဧရာဝတီတိုင်း၏ အနောက်တောင်ဘက်အစွန်တွင် တည်ရှိသည်။ ဧရာဝတီတိုင်း၏ အကျယ်ဝန်းဆုံးသော ခရိုင်ဖြစ်၍ ပုံပန်းသဏ္ဌာန်မှာ အပေါ်ကား၍ အောက်ပိုင်းရှူးသည်။ ခရိုင်၏မြောက်ဘက်တွင် ဟင်္သာတခရိုင်နှင့် သံတွဲခရိုင်၊ အရှေ့ဘက်တွင် မအူပင်ခရိုင်နှင့် မြောင်းမြခရိုင်၊ အနောက်ဘက်နှင့် တောင်ဘက်တို့တွင် ဘင်္ဂလားပင်လယ်အော်တို့ အသီးသီး တည်ရှိသည်။

ရခိုင်ရိုးမတောင်တန်းသည် ခရိုင်၏အနောက်ဘက်ပိုင်းတွင် ကမ်းရိုးတန်းနှင့် ယှဉ်ပြိုင်လျက် မြောက်မှတောင်သို့ သွယ်တန်းပြီး မော်တင်စွန်းတွင် အဆုံးသတ်လေသည်။ ရခိုင်ရိုးမ၏ အရှေ့ဘက်ရှိ အပိုင်းသည် မြေနုကျွန်းပေါ် မြေပြန့်မြေနိမ့်ဒေသ ဖြစ်သည်။

ပုသိမ်ခရိုင်အတွင်း၌ မြစ်ငယ်ချောင်းငယ်များစွာ ဖြတ်သန်းစီးဆင်းလျက်ရှိသည်။ ခရိုင်အတွင်း အရေးအပါဆုံးမြစ်မှာ ပုသိမ်(ငဝန်)မြစ်ဖြစ်သည်။ ယင်းမြစ်သည် ဟင်္သာတမြို့အထက်နားတွင် ဧရာဝတီမြစ်မှ ခွဲထွက်၍ ခရိုင်တစ်လျှောက် မြောက်ဘက်မှ တောင်ဘက်သို့ ဖြတ်သန်းစီးဆင်းလာပြီး ဘင်္ဂလားပင်လယ်အော်ထဲသို့ စီးဝင်သည်။ ပုသိမ်မြစ်ဝတွင် ကျွန်းအများအပြားရှိရာ အထင်ရှားဆုံးမှာ ဟိုင်းကြီးကျွန်းနှင့် ထိုကျွန်း၏ အောက်ဘက်နားတွင် လိပ်ကျွန်းတို့ ဖြစ်သည်။ အောက်ဘက် ၂၈ မိုင်ခန့် အကွာတွင် စီးဝင်သော ပမ္မဝတီမြစ်တို့ ရှိကြသည်။

ပုသိမ်မြစ်သည် ဧရာဝတီမြစ်၏ မြစ်ဝကျွန်းပေါ်ရှိ အကြီးဆုံးနှင့် အနောက်ဘက်အကျဆုံး မြစ်ခွဲဖြစ်သည်။ ထိုမြစ်ကို ငဝန်မြစ်ဟု ခေါ်ကြသည်။ ပုသိမ်မြစ်သည် ဟင်္သာတမြို့အထက် မိုင်အနည်းငယ်ခန့် အကွာမှစ၍ ဧရာဝတီမြစ်၏ လက်ယာဘက်သို့ ခွဲထွက်လာပြီးနောက် အနောက်တောင်ဘက်သို့ မိုင် ၂၀၀ခန့် ရေးရှု စီးဆင်းလာကာ ဟိုင်းကြီးကျွန်း၊ လိပ်ကျွန်းနှင့် အဂူအာဒါ ကျောက်တန်း မီးပြတိုက်တို့သို့ ဦးတည်လျက် ဘင်္ဂလားပင်လယ်အော်ထဲသို့ စီးဝင်သည်။

လေးမျက်နှာ၊ ငသိုင်းချောင်း၊ သာပေါင်း၊ ဘုရားကုန်း၊ ပုသိမ်၊ ငပုတော စသော မြို့ကြီးများသည် ထိုမြစ်ပေါ်တွင် တည်ရှိသည်။ ပုသိမ်မြစ်တွင်းသို့ ဒကမြစ်၊ ပမ္မဝတီမြစ်၊ သံတွဲမြစ်၊ တောင်ကလေးမြစ်နှင့် ညင်ချောင်း၊ ဂတ်ချောင်း၊ ကွန်ချောင်း စစ္စရန်ချောင်း စသည်တို့ စီးဝင်ကြလေသည်။

ပုသိမ်(ငဝန်) မြစ်သည် မြစ်ဝနှစ်ခုဖြင့် ပင်လယ်ထဲသို့ စီးဝင်သည်။ အရှေ့ဘက် မြစ်ဝဖြစ်သော သက္ကယ်ဆောင်မြစ်သည် သဲသောင်များပေါများ၍ သင်္ဘောကြီးများ မဝင်ထွက်နိုင်ပါ။ အနောက်ဘက်မြစ်ဝလည်းဖြစ်၍ ပင်ရင်းမြစ်ကြောင်းလည်းဖြစ်သော ပုသိမ်(ငဝန်)မြစ်ဝကား ပုသိမ်မြို့တိုင်အောင် ပင်လယ်ကူးသင်္ဘောကြီးများ ဝင်ထွက်သွားလာနိုင်သည်အထိ နက်ရှိုင်းကျယ်ဝန်းသည်။ ပုသိမ်ခရိုင်၏ မြောက်ဘက်ပိုင်းဖြစ်သော ရခိုင်ရိုးမ၏အရှေ့ဘက် မြေပြန့်ဒေသသည် မြေဩဇာထက်သန်ကောင်းမွန်၍ ဆန်စပါးအထွက်အများဆုံး ဒေသဖြစ်သည်။

ထိုဒေသမှ အောက်ဘက်သို့ ဆင်းလာရာ ငဝန်မြစ်နှင့် ဒကမြစ်အကြားရှိ ဒေသသည် မြေဩဇာညံ့၍ ရေလွှမ်းမိုးသော ဒေသဖြစ်သည်။ ဒကမြစ်၏ အရှေ့ဘက်နှင့်တောင်ဘက် ဒေသတို့တွင် မြေပြင်သည် အနည်းငယ်မြင့်လာ၍ မြေဩဇာထက်သန်လာသည်။ ငဝန်မြစ်အတွင်း ဒကမြစ် စီးဝင်သည့်နေရာမှ အနောက်ဘက်ဒေသသည် မြေနိမ့်၍ ရေလွှမ်းမိုးတတ်ပြီး စိုက်ပျိုး၍ မဖြစ်ထွန်းပါ။ ထိုနေရာမှ အောက်ဘက်သို့ ဆင်းသက်လာပြန်လျှင် မြေပြင်သည်မြင့်လာ၍ စိုက်ပျိုးဖြစ်ထွန်းလာပြန်သည်။ ပုသိမ်မြို့မှလွန်၍ တောင်ဘက်ပိုင်းတွင် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည့်အလျောက် မြစ်ငယ်၊ ချောင်းငယ်များဖြင့် ယှက်သန်းနေကာ လယ်ယာများ ကြိုကြားတည်ရှိသည့် လမုတောများရှိသည်။ ပုသိမ်ခရိုင်၏ အနောက်ဘက်ကမ်းရိုးတန်းသည် အကွေ့အကောက် အလွန်ပေါများသည်။

ပုသိမ်မြို့သည့် နိုင်ငံခြားသို့ ဆန်နှင့်သစ်များ တင်ပို့ခွင့်ပြုသော မြို့ကြီးတစ်မြို့ဖြစ်သည်။ မော်တင်စွန်းမှ သလတ်ခွာ–ပုသိမ်လမ်းအတိုင်း ကားလေးကို မောင်းနှင်လာခဲ့ရာ ပျဉ်းကတိုးကြိုးဝိုင်းတောများ၊ ဆင်ရိုင်းအုပ်များ၊ ကရင်ဝါးတောများ၊ ယုဇနကုမ္ပဏီ၏ ငါးပုစွန်မွေးကန်များ၊ ငရုတ်ကောင်းစိုက်ကွက်များနှင့် ငွေဆောင်ကမ်းခြေ အပန်းဖြေစခန်းကိုလည်း မြင်တွေ့ခဲ့ရသည်။ ထို့နောက် ရော်ဘာစိုက်ခင်း တစ်မျှော်တစ်ခေါ်ကို ဖြတ်ကျော်ခဲ့ရာ ရိုးမကို ရွှေဖြူလွှမ်းနေကြောင်း သိရသည်။ ဂျက်ကာ၊ ရှောပြာ၊ သစ်ထုတ်လုပ်ရေးစခန်းမှ ချောင်းသာ ရေချိုးဆိပ်သို့ ၁၀မိုင်သာရှိသည်။ စိန်တောင်သလတ်ခွာကိုကျော်၍ ပုသိမ်တံတား (ငဝန်) ပေါ်သို့ ဖြတ်ကျော်လိုက်ရာ ပုသိမ်မြို့၏ ကျက်သရေဆောင် ရွှေမုဋ္ဌော စေတီတော်ကြီးကို ရွှေရောင်လင်းလက်တောက်ပလျက် ကြည်ညိုသဒ္ဓါပွားဖွယ်ရာ ဖူးတွေ့ခဲ့ရသည်။ ထိုစေတီတော်ကြီးသည် သီရိဓမ္မာသောကမင်းကြီး၏ ကောင်းမှုတော်ဖြစ်သည်။ စာရေးသူ၏ ကားလေးသည် ကန်ကြီးဒေါင့်မြို့နယ်ဘက်သို့ ရောက်ရှိသွားခဲ့သည်။ ထိုမှ ပမ္မဝတီ (မြင်းကဆိပ်) တံတားကြီးပေါ်သို့ မောင်းနှင်လာ၍ အလယ်ပိုင်း တိုင်တွင် ရပ်ထားပြီး စာရေးသူ၏ အတွေးများ ပမ္မဝတီမြစ်ရေယာဉ်နှင့်အတူ တသွင်သွင် စီးမျောနေပါသည်။ ရေသည် ကြည်စိမ်းသလောက် လေသည် အေးမြလှသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း တံတားတည်ဆောက်ရေး အထူးအဖွဲ့(၅) ပမ္မဝတီမြစ်အား ဖြတ်ကျော်တည်ဆောက်သည့် ပမ္မဝတီတံတား(မြင်းကဆိပ်) ဖွင့်ပွဲအခမ်းအနားကို ၂၃–၃–၂၀၀၆ရက်တွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက တက်ရောက်၍ ဖွင့်လှစ်ပေးခဲ့သည်။

ပမ္မဝတီ(မြင်းကဆိပ်)မှာ တံတားအရှည်စုစုပေါင်း ပေ ၁၂၆၀၊ ယာဉ်သွားလမ်းအကျယ် ၁၅ ပေ ၈ လက်မ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် ၃ပေစီရှိပြီး၊ တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေမှာ အကျယ်ပေ ၄၀၀နှင့် အမြင့်ပေ၂၀၊ ခွင့်ပြုယာဉ် အလေးချိန် ၃၆တန် ရှိသည်။ တံတားအမျိုးအစားမှာ ဘေလီကြိုးတံတား သံကူကွန်ကရစ် ဖြစ်သည်။ ၂၀၀၄ခုနှစ် မေလ ၅ရက်နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး ကာလတိုအတွင်း ဖွင့်လှစ်နိုင်ခဲ့သည်။

အဆိုပါ တံတားသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးအဖွဲ့(၅)မှ အင်ဂျင်နီယာမှူး ဒေါ်စီသန်းဦးဆောင်သော မြန်မာအမျိုးသမီးအင်ဂျင်နီယာ ဝန်ထမ်းများက တာဝန်ယူတည်ဆောက်ခဲ့သည့် ဒုတိယမြောက်တံတား ဖြစ်သည်။

မောင်ဇေဒါ (မော်တင်)

ဧရာဝတီတိုင်းသည် မြစ်ဝကျွန်းပေါ်ဒေသတစ်ခုဖြစ်ပြီး မြစ်ချောင်း အင်းအိုင် ပေါများသည့်အတွက် ယခင်က တစ်နေရာမှ တစ်နေရာသို့ သွားလာရာတွင် ရေလမ်းခရီးဖြင့် လှေသင်္ဘောတို့ကို အားထားသွားလာနေရ၍ အချိန်ကြာမြင့်ခဲ့ရသည်။ ယခုနိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်တွင် မြစ်ချောင်း၊ အင်းအိုင် ပေါများသည့် ဧရာဝတီတိုင်းကို မော်တော်ကားလမ်းတွေဖောက်၊ မြစ်ကူးတံတားကြီးများ တစ်စင်းပြီးတစ်စင်း တည်ဆောက်ပေးခဲ့သည့်အတွက် ခရီးသွားပြည်သူများအနေဖြင့် အချိန်တိုတိုအတွင်းမှာ ကုန်းလမ်းခရီးဖြင့် သွားလာနိုင်ခဲ့ပြီးဖြစ်သည်။

မြောင်းမြခရိုင် မြောင်းမြမြို့နယ် တစ်ဖက်ကမ်းနှင့် ပုသိမ်ခရိုင် ကန်ကြီးဒေါင့်မြို့နယ်ဘက်ကမ်းကို ဆက်သွယ်သည့် မြင်းကဆိပ်တံတားကို ဖွင့်လှစ်ပေးနိုင်ခဲ့သောကြောင့် ဧရာဝတီတိုင်းအတွက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့်နေ့တစ်နေ့ဖြစ်သည်။ ဧရာဝတီတိုင်းသားများကလည်း ကျေးဇူးတင် ဝမ်းမြောက်ဂုဏ်ယူလျက် ရှိကြသည်။

၂၃–၃–၂၀၀၆ရက်နေ့တွင် ပမ္မဝတီတံတား (မြင်းကဆိပ်)ဖွင့်ပွဲ အခမ်းအနားသို့ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်၍ အမှာစကား ပြောကြားခဲ့ရာတွင်–

"နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်တစ်ဝန်းလုံး ဒေသတစ်ခုနှင့်တစ်ခု အလွယ်တကူ ဆက်သွယ်သွားလာနိုင်မှသာ တိုင်းပြည်၏လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်၍ ခေတ်မီနိုင်ငံတော်သစ်ဆီ အမြန်ရောက်မှာဖြစ်သည်ဟု မိန့်မှာခဲ့ကြောင်း၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ လမ်း၊ တံတားများ တည်ဆောက်ပေးသည့်အတွက် ဒေသအသီးသီး၏လူမှုရေး၊ စီးပွားရေးဘဝ တိုးတက်မှုတွေ ရှိနေသည်ဆိုသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ မိမိတို့ဧရာဝတီတိုင်းသည်လည်း ဤအကျိုးကျေးဇူးများကို လက်ငင်းခံစား နေရပြီဖြစ်ကြောင်း"

ပြောကြားခဲ့သည်။

မြင်းကဆိပ်တံတား မရှိမီကာလက မြင်းကဆိပ်မှ မြောင်းမြဘက်ကမ်းကို ဇက်ရေယာဉ်ဖြင့် ဖြတ်ကူးရသည့်အတွက် အခက်အခဲပေါင်းများစွာကို ခရီးသွားပြည်သူများ ကြုံတွေ့ခံစားခဲ့ကြရပြီး ကုန်စည်ကူးသန်းမှုတွင်လည်း နှောင့်နှေးခဲ့ရသည်။ နိုင်ငံတော်က မြင်းကဆိပ်တံတား တည်ဆောက်ဖွင့်လှစ်ပြီးဖြစ်သည့်အတွက် ယခင်က ကြုံတွေ့ခံစားခဲ့ရသည့် အခက်အခဲပေါင်းများစွာက ကင်းဝေးသွားပြီဖြစ်သည်။

ပုသိမ်မှ မြောင်းမြသို့ အချိန်တိုတိုအတွင်း အပြန်အလှန်သွားရောက်နေကြပြီဖြစ်သည်။ အလားတူ မြောင်းမြခရိုင်ရှိ မြို့နယ်များမှ တိုင်းမြို့တော် ပုသိမ်နှင့် ရန်ကုန်သို့ အချိန်တိုအတွင်း ဒေသထွက်ပစ္စည်းများကို ဈေးကွက်သို့ လွယ်လွယ်ကူကူ တင်ပို့ရောင်းချနေကြပြီ ဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍအနေဖြင့် ၂၀၀၅–၂၀၀၆တွင် မိုးစပါးဧက ၃၆သိန်း စိုက်ပျိုးနိုင်ခဲ့ပြီး ဧကတစ်သိန်းတိုး၍ ဧက ၃၇ သိန်း စိုက်ပျိုးနိုင်ရေး စီမံချက်ရေးဆွဲပြီး အားလုံးဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်သည်။ နွေစပါးဧက ၁၂သိန်း စိုက်ပျိုးနိုင်ခဲ့သည့်အတွက် မိုးစပါး၊ နွေစပါး နှစ်ရပ်ပေါင်းသည် တစ်နိုင်ငံလုံးအတိုင်းအတာ၏ သုံးပုံတစ်ပုံ ရှိသည်။ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဧရာဝတီတိုင်းအတွင်း နန်ကသူ၊ ကွန်ချောင်း ရေလှောင်တမံများကို တည်ဆောက် ပြီးခဲ့သကဲ့သို့ ဆက်လက်ပြီး ကညင်ချောင်း တမံကိုလည်း တည်ဆောက်လျက်ရှိသည်။ ဗန်မော်–သုံးခွ လျှပ်စစ်မြစ်ရေတင်လုပ်ငန်းကို တည်ဆောက်နိုင်ခဲ့ပြီး ငပိဆိပ်၊ ကန်စွန်းခုံ၊ မြို့ကွင်း၊ မြစ်ကျိုး၊ ကျုံစုတ်၊ ဒါးက၊ ကညင်ကောက် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများကိုလည်း နွေစပါး တိုးချဲ့စိုက်ပျိုးရေးအတွက် စီမံကိန်းကြီးများဖြင့် ဆက်လက်ကြိုးပမ်း တည်ဆောက်လျက်ရှိသည်။

ဧရာဝတီတိုင်းတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများတွင် သိသိသာသာ တိုးတက်လျက်ရှိနေပြီ ဖြစ်သည်။ ပုသိမ်၊ မအူပင်၊ ဟင်္သာတတို့တွင် တက္ကသိုလ်နှင့်ကောလိပ်ကျောင်းများ၊ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးများ စသည့် ဖွံ့ဖြိုးမှုသင်္ကေတများကိုလည်း တွေ့မြင်နေကြရပြီ ဖြစ်သည်။ မြို့ပြများ စည်ပင်ဖွံ့ဖြိုးရေးကိုသာမက ချမှတ်ပေးထားသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်နှင့်အညီ ဆောင်ရွက်နိုင်ခဲ့၍ ကျေးလက်များသည်လည်း ဖွံ့ဖြိုးတိုးတက်လျက် ရှိနေပြီဖြစ်သည်။

ယခုအခါ ပမ္မဝတီတံတားကို ဖွင့်လှစ်ခဲ့ပြီးဖြစ်ရာ ဧရာဝတီတိုင်းသည် အခြားပြည်နယ်၊ တိုင်းများနည်းတူ ဘက်စုံ၊ ကဏ္ဍစုံ၌ ဆက်လက်ဖွံ့ဖြိုးတိုးတက်လာဦးမည်ဟု ယုံကြည်မိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဧရာဝတီတိုင်းတွင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများတွင် သိသိသာသာ တိုးတက်လျက်ရှိနေပြီ ဖြစ်သည်။ ပုသိမ်၊ မအူပင်၊ ဟင်္သာတတို့တွင် တက္ကသိုလ်နှင့် ကောလိပ်ကျောင်းများ၊ ခုတင်(၂၀၀)ဆံ့ဆေးရုံကြီးများ စသည့် ဖွံ့ဖြိုးမှုသင်္ကေတများကိုလည်း တွေ့မြင်နေကြရပြီဖြစ်သည်။ မြို့ပြများ စည်ပင်ဖွံ့ဖြိုးရေးကိုသာမက ချမှတ်ပေးထားသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ် ငါးရပ်နှင့်အညီ ဆောင်ရွက်နိုင်ခဲ့၍ ကျေးလက်များသည်လည်း ဖွံ့ဖြိုးတိုးတက်လျက် ရှိနေပြီ။

ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး

လွိုင်ကော် ဇွန် ၁

ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ ၂၀၀၇ခုနှစ် ဒုတိယ လေးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကယားပြည်နယ် လွိုင်ကော်မြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ မေ ၂၂ ရက် နံနက် ၉ နာရီက ကျင်းပရာ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်တင်တင်ကြည်က အဖွင့်အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

မှာကြား

ထို့နောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက မိမိတို့ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ရန် လျာထားချက်များနှင့်ရှေ့လုပ်ငန်းစဉ်များကို တင်ပြကြရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကက လိုအပ်သည်များကို မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးတွင် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်တင်တင်ကြည်က လွိုင်ကော်နှင့် ဘော်လခဲခရိုင် အမျိုးသမီးရေးရာအဖွဲ့များသို့ အဖွဲ့ဝင်ကတ်ပြားများနှင့် ရင်ထိုးတံဆိပ်များပေးအပ်ရာ လွိုင်ကော်နှင့် ဘော်လခဲခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများက လက်ခံရယူပြီး အဖွဲ့ဝင်အဆိုပြုလွှာများပေးအပ်သည်။ ထို့နောက်၂၀၀၇ခုနှစ် ပညာသင်နှစ်တွင် ပဋ္ဌမတန်း၌ ပညာသင်ကြားရမည့် မသန်စွမ်းသူမနော်ဒါးခူအား တစ်နှစ်တာအတွက် ပညာသင်စရိတ်ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

သံတွဲခရိုင်၌ အဆို၊ အက၊ အရေး၊ အတီး အခြေခံသင်တန်းဆင်း

သံတွဲ ဇွန် ၂

သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ၂၀၀၇ ခုနှစ် တတိယအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှုအခြေခံအဆင့် အဆို၊ အက၊ အရေး၊ အတီး နွေရာသီသင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၁၈ ရက် နံနက် ၈ နာရီက သံတွဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သံတွဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆန်းနှင့် အဖွဲ့ဝင်များ သံတွဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ အနုပညာဦးစီးဌာနမှ နည်းပြအဖွဲ့ခေါင်းဆောင် ဦးဝင်းကြွယ်နှင့် နည်းပြများ၊ သင်တန်းသူသင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သံတွဲခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဆန်းက အမှာစကား ပြောကြားပြီး အနုပညာဦးစီးဌာန နည်းပြများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)(ခရိုင် ပြန်/ဆက်)**

မြဝတီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနက မြဝတီမြို့အမှတ်(၃)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးရာသို့ မေ ၁၇ ရက်က ကရင်ပြည်နယ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကြည်လင်ကြပ်မတ်ဆောင်ရွက်ပေးစဉ်။

(လူဝင်မှုကြီးကြပ်ရေး)

မျိုးကောင်း၊ မျိုးသန့် သိုးနှင့်ဆိတ်အလှပြိုင်

မြင်းခြံ ဇွန် ၁

မြင်းခြံခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် မျိုးကောင်း၊ မျိုးသန့် သိုးနှင့်ဆိတ် အလှပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို မေ ၂၅ရက် နံနက် ၉နာရီက မြင်းခြံခရိုင် ပြည်သူ့အားကစားပြိုင်ကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ မြင်းခြံခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမိုး၊ မန္တလေးတိုင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဒေါက်တာ စက်ရှင်နှင့် မြန်မာနိုင်ငံ မွေးမြူရေးအဖွဲ့ချုပ် မန္တလေးတိုင်း ဥက္ကဋ္ဌ ဦးဝင်းမြင့်တို့က မျိုးကောင်း၊ မျိုးသန့် သိုးနှင့် ဆိတ်အလှပြိုင်ပွဲ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားသို့ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းအောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေဝင်းနှင့် ငါးမြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးမှူးများ၊ ငါးမြို့နယ်မှ မွေးမြူရေး လုပ်ငန်းရှင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ တက်ရောက်ကြကြောင်းသိရသည်။

(၄၀၂)

ဟိုပန်မြို့နယ် ပြန်/ဆက် ဦးစီးဌာနကြီးမှူး စာဖတ်ဝိုင်းနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

ဟိုပန် ဇွန် ၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) ဟိုပန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော စာဖတ်ဝိုင်းနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို မေ၂၉ရက် မွန်းလွဲ ၂နာရီက မြို့နယ်ရုံးခန်းမ၌ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းဆာထွန်းက စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ခြုံငုံသုံးသပ်

ဆက်လက်၍ ရုပ်သံကျွမ်းကျင်(၃) ဒေါ်ဖောင်းနန်းက ဒို့ကျေးရွာဂျာနယ် စာတည်းအဖွဲ့၏ လှိုင်းနှင့်လှေ၊ အငယ်တန်းစာရေး ဒေါ်နန်းခင်စန်းဝေက ချစ်နိုင် (စိတ်ပညာ)၏ ရွှေဖိနပ်ရုပ်တိုက်စီးစာအုပ်မှ မဖြစ်နိုင်တာဘာမှမရှိ ဆောင်းပါးကို ဖတ်ကြားတင်ပြပြီး စာဖတ်ဝိုင်းနှင့် စပ်လျဉ်း၍ ခြုံငုံသုံးသပ် ဆွေးနွေးကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ စာဖတ်ဝိုင်းသို့ တက်ရောက်ခဲ့သည့် မြို့နယ်တရားသူကြီး ဦးချစ်လွင်နှင့် မြို့နယ်ဥပဒေအရာရှိ ဦးခေါဘောမ်တို့က ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

မိုးသီးနှံ ဘဏ်ချေးငွေထုတ်ချေးရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး ကျောက်ပန်းတောင်း၌ကျင်းပ

ကျောက်ပန်းတောင်း မေ ၂၅

မန္တလေးတိုင်း မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၏ ၂၀၀၇ ခုနှစ် မိုးသီးနှံ ဘဏ်ချေးငွေ ထုတ်ချေးရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ၁၇ရက် နံနက် ၁၀ နာရီက မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကိုယ်စား ရဲအုပ်သောင်းဒန်နှင့် မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှု ကော်မတီဝင်များ၊ မြို့နယ်ဘဏ်ခွဲ မန်နေဂျာ ဒေါ်ငွေဝင်းနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စု ၉၁ အုပ်စုမှ ဘဏ်ကော်မတီ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ပြောကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ကိုယ်စား ရဲအုပ်သောင်းဒန်က အမှာစကား ပြောကြားပြီး မြို့နယ် စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်က လုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားသည်။

ဆွေးနွေး

ယင်းနောက် မြို့နယ် မန်နေဂျာ ဒေါ်ငွေဝင်းက ဘဏ်ချေးငွေထုတ်ချေးရေးဆိုင်ရာကိစ္စများ ရှင်းလင်းဆွေးနွေးပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

၂၀၀၇-၂၀၀၈ခု ဘဏ္ဍာရေးနှစ်အတွက် မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အနေးယာဉ် ဆိုက်ကားလိုင်စင်များ အသစ်လဲလှယ်ထုတ်ပေးခြင်းနှင့် စည်ပင်သာယာရေးအဖွဲ့က ထုတ်ပြန်ထားသော အနေးယာဉ်စည်းကမ်းများနှင့်အညီ ဖြစ်စေရေးအတွက် ဒုတိယဦးစီးမှူး(အခွန်) ဒေါ်လေးမြမြဦးနှင့်အဖွဲ့ စစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေး ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းဆယ်ယူခြင်း၊ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် မြို့မဈေးကြီးအတွင်း သားငါးတန်းများ ယင်လုံဆန်ခါဖြင့် ရောင်းချမှုများကို မေ ၂၆ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် မြို့နယ်မီးသတ်တပ်စုမှူး ဦးစိုးမင်းတို့ ကြီးကြပ်စစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ရွှေတိဂုံစေတီပုံတူ

မွန်ပြည်နယ် ကျိုက်ထိုမြို့ မဟာစည်သာသနာ့ရိပ်သာအတွင်း၌ ဘဒ္ဒန္တဝိစာရိန္ဒ မဟာစည်နာယက သာယာကုန်းဆရာတော် ဦးဆောင်၍ တည်ဆောက်လျက်ရှိသော မဟာစည်သိမ်ကျောင်းတော်နှင့် ရွှေတိဂုံစေတီ ပုံတူတည်ထား ကိုးကွယ်ရန်အတွက် မွန်ပြည်နယ် မော်လမြိုင်မြို့ မရမ်းကုန်းရပ် ပုလဲလမ်းနေ သာယာကုန်းမဟာစည် ကျောင်းအမ ဒေါ်ငြိမ်းရန်က အလှူငွေကျပ် သိန်း ၅၀ ကို တာဝန်ခံ ဦးမောင်လွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
နယုန်လပြည့်ကျော် ၁၂ ရက်
၁၁–၆–၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အာဋာနာဋိယသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (ဒီရေတောတွေတိုးလာဖို့ စီမံညှိနှိုင်းဆောင်ရွက်စို့)
၁၁:၄၀ သိပ္ပံအကြောင်းသိကောင်းစရာ (သိပ္ပံနှင့် နည်းပညာတိုးတက်မှု အကြောင်း–သိပ္ပံမှူးတင်)
၁၂:၀၀ တစ်ပတ်အတွင်းသတင်းပဒေသာ
၁၂:၂၅ အားကစားသတင်းပဒေသာ
၁၂:၄၀ သီချင်းကြီးပဒေသာ
(၁) အို–မြင်လှည့်စမ်း ပတ်ပျိုး(မိုးမိုး)
(၂) အမ္ဗုန်မာန်ဟုန်ပတ်ပျိုး (သင်းသင်းမြတ်)
(၃) အံ့မှိုင်းငယ်ညိုတံငါလေးချင်း(အဖွဲ့)

ညနေပိုင်း

၁၆:၁၀ မြတ်နိုးစရာကျေးရွာတေးကဗျာ
(၁) လုံမလေးအလှ (စိုးထွတ်ခိုင်)
(၂) သဘာဝသာတဲ့ ရွှေတမံရွာ (ဟံသာဝတီမြေ)
(၃) လှယမင်း (မောင်စန်းအောင်)
၁၆:၃၀ နိုင်ငံ့စီးပွားကျေးလက်ထုတ်ကုန်များ (ပဲခူးမြို့က မြန်မာ့ရိုးရာပန်းပွတ်လုပ်ငန်း)
၁၇:၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ
၁၇:၄၀ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (ပတ္တမြားအကြောင်း တစေ့တစောင်း)
၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉:၁၅ နိုင်ငံတော်သံစုံတီးဝိုင်း၏ ဖျော်ဖြေမှု
၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) မေတ္တာမီးအိမ် (တွံတေးသိန်းတန်)
(၂) မောင့်ချစ်ဆိပ်ရည် (နှင်းရည်သန့်)
(၃) ကျွန်တော်တင်တဲ့မင်းသမီး (မောင်မောင်ညွန့်)

ဒေါ်ရှုလွမ်အား ရည်စူး၍ ရန်ကုန်တိုင်း ပုဇွန်တောင် မြို့နယ် (၆) ရပ်ကွက်ဂန္ဓမာလမ်း အမှတ် ၁၀ နေ ခင်ပွန်း ဦးဟန်ယူ နှင့် သားသမီး၊ မြေးများက မင်းကွန်းဆရာတော်ကြီး၏ မင်းကွန်း ဓမ္မနာဒ ကျောင်း ရေ၊ ဆေး၊ ဆွမ်း ပဒေသာပင်များအတွက် အလှူငွေကျပ် ၂၃၀၀၀၀ ကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(စီမံ) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)



မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဓ/၁၀၁၄ Nine Star NSJ-2 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်းထူး မှတ်ပုံတင်အမှတ် ၉/မရတ (နိုင်)၀၁၉၄၉၆က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း၊ မြောက်ပိုင်း) မန္တလေးမြို့။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၄၉၂၃ ယာဉ်လက်ဝယ်ရှိသူ ဦးဖြူ မှတ်ပုံတင်အမှတ် ၉/မခန (နိုင်) ၀၅၂၀၃၅က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး(မြင်းခြံမြို့)။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၄၅၈၅၅ ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်အေး မှတ်ပုံတင်အမှတ် ၁၀/သထန(နိုင်)၀၁၃၅၈၇က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး(မြင်းခြံမြို့)။**

ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်မိတ်ဆွေ၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။ အခန်းအမှတ် (၅/ဘီ) အဆောင်(စီ) ဧရိယာစတုရန်းပေ ၂၀၉၀ ကျယ်ဝန်းသော ညောင်ပင်လေးဈေး ပလာဇာ လမ်းမတော်မြို့နယ် ရန်ကုန်မြို့ရှိ တိုက်ခန်းတစ်ခန်းကို အပြီးအပိုင်ဝယ်ယူရန်အတွက် ဒေါ်ဝင့်မာတင့် ၁၂/သဃက(နိုင်)၀၀၇၂၆၁ သို့ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိသာရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ–
ဦးသိန်းညွှန့် B.A., H.G.P., R.L., D.B.L., D.M.L., D.I.L
တရားရုံးချုပ်ရှေ့နေ၊ အမှတ် ၅၆၇၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း–၀၉–၅၀–၀၁၈၃၇၊ ၀၉–၈၀–၂၂၉၇၄။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၉၃၂၆၂ Luojia ယာဉ်လက်ဝယ်ရှိသူ ဦးရန်အောင်ဟိန်း မှတ်ပုံတင်အမှတ် ၉/ပမန (ဧည့်) ၀၀၀၁၄၄က ယာဉ်မှတ်ပုံတင် စာအုပ် (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း၊ မြောက်ပိုင်း)မန္တလေးမြို့။**

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်–၂၅၅ (အမ်)

ဘဏ်ခွဲမန်နေဂျာ / မြန်မာ့စီးပွားရေးဘဏ် / ဝမ်းတွင်းမြို့။ **နှင့်** ၁။ ဦးညွှန့်အောင် ၂။ ဒေါ်စစ်စစ်

တရားနိုင် **တရားရှုံး**

၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ် ၁၇၄ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ ခုနှစ် ဇူလိုင်လ ၁၇ ရက်၊(မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့ အမှတ်(၃)ရပ်ကွက် အမှတ်–၁၄၆၆ ဦးပိုင်အမှတ် ၂၅၂/၅ မြေကွက်အမှတ် ၆၁၁/ ၆၁၂ ဧရိယာ ၀ ဒသမ ၁၀ဧကရှိ မြေနှင့်၎င်းမြေပေါ်ရှိ သွပ်မိုး၊ အုတ်ကာ၊ နှစ်ထပ်တိုက်၊ သွပ်မိုး၊ ထရံကာ၊ ဂိုဒေါင်၊ အုတ်ရေကန်၊ အာမခံအသစ် ပင်မနှင့်တွဲလျက် ဂိုဒေါင်၊အုတ်ရိုး၊ ဝင်းထရံကာ စသည့် အဆောက်အအုံအားလုံး။

လေလံကြမ်းခင်းဈေးကျပ်သိန်း(၇၀)။
ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင်မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိကသတ်မှတ်သည့် အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင် ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် မေ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးလှမောင်
တိုင်းတရားသူကြီး။

အများသိစေရန်ကြော်ငြာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့သော ပန်းဘဲတန်းမြို့နယ်ရှိတိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှ အမည်ပေါက်ပိုင်ဆိုင် လျက်ရှိပါသည်။ ယခုအခါ အဆိုပါတိုက်ခန်းအား လက်ရှိအမည်ပေါက်ထံမှတစ်ဆင့် အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် တင်ပြလာသဖြင့် အမည်ပြောင်းလဲခြင်းနှင့်ပတ်သက်၍ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်–

တိုက်ခန်းအမည်ပေါက် အမည်/မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်/မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
ဦးကျော်ညွှန့်(ခ)ဟာရှင်ဘိုင် ၁၂/ကတတ(နိုင်) ၀၂၅၃၇၇	ဒေါ်ဆာရာဘီဘီ ၁၂/ကတတ(နိုင်) ၀၂၂၆၆၇	အမှတ်(၃၀၃/၃၁၃) အခန်း–၂၆ အနော်ရထာလမ်း ပန်းဘဲတန်းမြို့နယ်။

ဌာနမှူး
အင်ဂျင်နီယာဌာန(အဆောက်အအုံ)။

လင်မယားကွာရှင်းပြတ်စဲကြောင်း ဦးစောထွန်းဦးနှင့် အများသိစေရန်ကြေညာခြင်း

လက်ထပ်စာချုပ်တွင် ဖော်ပြထားသည့် မန္တလေးမြို့ အိမ်တော်ဝင်း မေဂါရီရပ်အကွက် အမှတ် (၁၄၅)နေ ဦးစောထွန်းဦး ၉/အမဇ (နိုင်) ၀၀၃၃၉၀နှင့် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဆိပ်ကမ်းသာလမ်း၊ အမှတ် (၂၆၆)နေ ဒေါ်အေးအေးမြင့်ဝင်း ၁၀/မလမ (နိုင်) ၀၉၇၆၇၅တို့သည် ၂၉–၁၀–၂၀၀၂ရက်တွင် ရန်ကုန်တောင်ပိုင်းခရိုင် တရားရုံး၌ လက်ထပ်ခဲ့ပြီးနောက် ဦးစောထွန်းဦးသည် ဒေါ်အေးအေးမြင့်ဝင်းအား သုံးလမျှ ပေါင်းသင်းပြီး နေအိမ်မှ ထွက်သွားခဲ့ပါသည်။ ထိုသို့ထွက်သွားပြီး(၁၀)လမျှ အပြင်မှထောက်ပံ့ခဲ့ပါသည်။ ထို့နောက်ပိုင်း ထောက်ပံ့ခြင်းလည်းမရှိ၊ အဆက်အသွယ် ပြုလုပ်ခြင်းလည်း မရှိသည်မှာ သုံးနှစ်ကျော်ပြီဖြစ်၍ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ကျွန်ုပ်၏အမှုသည် ဒေါ်အေးအေးမြင့်ဝင်းအနေဖြင့် ဦးစောထွန်းဦးအား ယနေ့မှစ၍ လင်မယားအဖြစ်မှ ပြတ်စဲကြောင်းနှင့်နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦးမည်သို့မျှ သက်ဆိုင်မှုမရှိတော့ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးစန်းဝင်း
B.A, D.A, H.G.P., R.L.
တရားရုံးချုပ်ရှေ့နေ (စဉ် ၂၄၆၆)
အမှတ် ၈၅၊၄၄လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဦးစိုးမိုး (ခ)ဂျွန်ဒရိုင်ဘာ ၁၂/သလန(နိုင်)၀၇၂၁၇၇၏ ယာဉ်အမှတ် ၇ခ/၅၈၄၆ အခွန်ကျေ အစိမ်းစာရွက် ပျောက်ဆုံးသွားပါ၍တွေ့ရှိပါကအကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၈၀–၂၀၂၂၃။**

အမည်မှန်

ဦးမြတ်သူ၏သမီး အလက (၂) ဗဟန်း ဆဋ္ဌမတန်း(A)မှ မရွှန်းလဲ့ချို (ခ)မအေးငြိမ်းပိုင်အား မအေးငြိမ်းပိုင် ဟုသာခေါ်ပါရန်။ **မအေးငြိမ်းပိုင်။**

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်–၂၅၄(အမ်)

ဘဏ်ခွဲမန်နေဂျာ / မြန်မာ့စီးပွားရေးဘဏ်၊ ဝမ်းတွင်းမြို့။ **နှင့်** ဦးကျော်မျိုးထွန်း

တရားနိုင် **တရားရှုံး**

၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ် ၁၇၆ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ခုနှစ် ဇူလိုင်လ ၁၆ ရက်၊ (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့ အမှတ်(၁)ရပ် ပျော်ဘွယ်ရွာမကွင်း(၁၅၈၂/၂၁၀၉) မြေကွက် (၉၈၊၉၉၊ ၁၀၀၊၁၀၁)နှင့်(၁၅၅၊၁၅၆၊၁၅၇) ဧရိယာ ၄ ဒသမ ၁၄ ဧကရှိ မြေ၊ ၎င်းမြေပေါ်ရှိ နှစ်ထပ်တိုက်၊ သွပ်မိုး၊ ထရံကာ၊ ကွန်ကရစ်ခင်း မန်နေဂျာအိမ်၊ သွပ်မိုးထရံကာ သမံတလင်းခင်း အမျိုးသမီးနားနေဆောင်၊ သွပ်မိုး၊ အုတ်ကာ၊ လျှာထိုးခင်း၊ အောက်ကွန်ကရစ်ခင်း နှစ်ထပ်တိုက်၊ ဝါးကပ်မိုးထရံကာ ကွန်ကရစ်ခင်း အလုပ်သမားနားနေခန်း၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း၊ စက်ရုံမကြီး၊ သွပ်မိုး၊ ထရံကာကွန်ကရစ်ခင်း၊ လက်ရက်ကန်းစက်ရုံ(၁)၊ သွပ်မိုး၊ ထရံကာ၊ကွန်ကရစ်ခင်း၊ လက်ရက်ကန်းစက်ရုံ(၄)ရုံ၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း အရာရှိရုံးခန်းနှင့် အထည်သန့်စင်ခန်း နှစ်ထပ်တိုက်၊ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း မျိုးမျိုးအထည်အရောင်းဆိုင်၊ သွပ်မိုး၊ ကွန်ကရစ်ခင်း စားသောက်ဆိုင်ကွန်ကရစ်ရေစင်။

လေလံကြမ်းခင်းဈေးကျပ်သိန်း(၈၀၀)။
ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင်မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် မေ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဦးလှမောင်
တိုင်းတရားသူကြီး။

မြန်မာနိုင်ငံ၏ အဓိကကျန်းမာရေးပြဿနာများအနက် ငှက်ဖျားရောဂါ ထိပ်ဆုံးကပါဝင် ၂၀၀၀ ပြည့်နှစ်ကိုအခြေခံပြီး ၂၀၁၀ ပြည့်နှစ်တွင် ထက်ဝက်လျော့ချရန်ရည်မှန်း လူနာများအား စောစီးစွာရောဂါရှာဖွေဖော်ထုတ်ပြီး ထိရောက်စွာကုသမှုပေး

နေပြည်တော် ဇွန် ၉

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၇ ရက် နံနက်ပိုင်းက မော်လမြိုင်–သထုံ–ဘီးလင်းကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့်ထွက်ခွာလာရာ နံနက် ၉ နာရီတွင် သထုံမြို့နယ် နောင်ကုလားကျေးရွာသို့ရောက်ရှိကြပြီး မြို့နယ်ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ဘီးလင်းမြို့နယ် ဒေါက်ရပ်ကျေးရွာ တိုက်နယ်ဆေးရုံ၌ကျင်းပသော ငှက်ဖျားရောဂါကင်းဝေးရေး ဆေးစိမ်ခြင်ထောင်များ အခမဲ့ဖြန့်ဝေပေးအပ်ပွဲတွင် ဆေးစိမ်ခြင်ထောင်များကို ပေးအပ်စဉ်။ (သတင်းစဉ်)

ပေးအပ်

အဆိုပါ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲအခမ်းအနားတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် သထုံတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်စိုးတို့က ခြံစည်းရိုးကြက်ဆူပျိုးပင်များကို ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများထံ ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းတို့က သတ်မှတ်နေရာများတွင် ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။ ***စာမျက်နှာ ၄ ကော်လံ ၁ ✻***

မိုးလေဝသ အခြေအနေ

၁၀–၆–၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

လှုပ်လှုပ်ရှားရှား တောင်ကိုရီးယားအနုပညာရှင်များ

ပြည်ပအနုပညာတင်ပြမှု – မောင်မောင်မြင့်ဆွေ

ဆိုးလ် ဇွန် ၉

တောင်ကိုရီးယား ရုပ်ရှင်အနုပညာရှင်များ ကမ္ဘာတစ်လွှားတွင် အောင်မြင်မှုများ ရရှိလျက်ရှိရာ ၎င်းတို့နှင့်သက်ဆိုင်သော အကြောင်းအရာ အချက်အလက်များကို တောင်ကိုရီးယား အနုပညာရှင်များကို ချစ်မြတ်နိုးသည့် ပရိသတ်များအတွက် စုစည်းဖော်ပြလိုက်ပါသည်။ *စာမျက်နှာ ၁၂ ကော်လံ ၃* ●

တရုတ်၌ ရုပ်ရှင်သွားရိုက်သည့် တောင်ကိုရီးယား ရုပ်ရှင်မင်းသမီး ဂျင်ဆန်းမီ (ချေရင်း)။ (ဓာတ်ပုံ–အင်တာနက်)

တောင်ကိုရီးယား ရုပ်ရှင်သရုပ်ဆောင် ဆူဘင်(ရိုစီဝမ်)။

(ဓာတ်ပုံ–အင်တာနက်)

NLD ပါတီသည် တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် ပါဝင်ဆောင်ရွက်ခြင်းမရှိ တိုင်းကျိုးပြည်ပြု လုပ်ဆောင်ချက်များကို ဟန့်တားနှောင့်ယှက်နေ ပါတီဝင်အဖြစ် ဆက်လက်ပါဝင်လိုခြင်း မရှိတော့သဖြင့် မော်လမြိုင်ကျွန်းမြို့နယ်မှ ပါတီဝင် ၂၆ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဇွန် ၉

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မှ ပါတီဝင်များဖြစ်ကြသော တံခွန်တိုင် ကျုံဝါးကျေးရွာနေ ဦးသန်းထွေး အပါအဝင် ပါတီဝင် ၂၆ ဦးတို့သည် ဇွန် ၁ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်စာများ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

နုတ်ထွက်

မော်လမြိုင်ကျွန်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီသည် တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် ပါဝင်ဆောင်ရွက်ခြင်းမရှိရုံမျှမက အဆိုးမြင်ဝါဒဖြင့် နိုင်ငံတော်အစိုးရ၏ တိုင်းကျိုးပြည်ပြု လုပ်ဆောင်ချက်များကို ဖျက်လိုဖျက်ဆီး ဟန့်တားနှောင့်ယှက်လျက်ရှိကြောင်း၊ NLD ပါတီ၏ လုပ်ရပ်များသည် နယ်မြေဒေသ တည်ငြိမ်ရေး၊ အေးချမ်းသာယာရေးတို့အတွက် ကြီးမားသော အနှောင့်အယှက်တစ်ခုဖြစ်နေကြောင်း၊ NLD ပါတီဝင် အဖြစ် ဆက်လက်ပါဝင်ဆောင်ရွက်လိုခြင်းမရှိတော့သဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**